# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ တပို့တွဲလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 February 2025 ၁၁၇၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပဋိပက္ခများသည် မြေအရင်းအမြစ်များကို အသုံးချမှုနှင့် ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ် ဖွံ့ဖြိုးလာရန် အရေးကြီး**

စာမျက်နှာ » ၃

Critical Thinking နဲ့ Common Sense

ဆောင်းပါး စာမျက်နှာ » ၆

**အချိန်အခါမဟုတ် မိုးရွာနိုင်**

စာမျက်နှာ » ၇

**ဉာဏ်ရည်လည်းရှုံး လူညွှန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်**



ဆောင်းပါး စာမျက်နှာ » ၁၀


## မန္တလေးမြို့၌ အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် မြမာလာဥယျာဉ် ဖွင့်လှစ်ထားရှိ

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် ပန်းဥယျာဉ်တစ်ခုကို သိပ္ပံလမ်းနှင့် ၇၈ လမ်း ဆင်ဖြူကန်ကွင်းအတွင်း၌ ဖွင့်လှစ်ထားရှိပြီး မြမာလာဥယျာဉ်ဟု အမည်ပေးထားကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★



မြမာလာဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

## ကျောက်ဆည်မြို့နယ်၌ နှမ်းဧက ၂၈၀၀၀ လျာထားစိုက်ပျိုး



ကျောက်ဆည်မြို့နယ်၌ နှမ်း စတင်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံ ပိုလျှံရေး ဧော်ဂျီကင်းတားဆည်ရေသောက်စနစ်ဖြင့် မင်းရဲ၊ သင်းတွဲ၊ သင်းဒီး၊ ထုံးကြီး၊ စမာ၊ တမုတ် စသည့် စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းများတွင် နှမ်းဧက ၂၈၀၀၀ လျာထားပြီး စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နှမ်းများစိုက်ပျိုးရာတွင် ဇော်ဂျီဆည်မှ မင်းရဲစိုက်ပျိုးရေပေးမြောင်းဖြင့် ၈၄၇ ဧက၊ သင်းတွဲစိုက်ပျိုးရေပေးမြောင်းဖြင့် ၁၇၆၆ ဧက၊ ပြောင်စိုက်ပျိုးရေပေးမြောင်းဖြင့် ၁၉၅၇ ဧက၊ ဇီးတောစိုက်ပျိုးရေပေးမြောင်းဖြင့် ၁၂၁ ဧက၊ နွားတက်စိုက်ပျိုးရေပေးမြောင်းဖြင့် ၉၉၅၂ ဧက၊ တမုတ်စိုက်ပျိုးရေပေးမြောင်းဖြင့် ဧက ၂၅၂၀၊ အထက်လင်းဇင်း စိုက်ပျိုးရေပေးမြောင်းဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# ပြည်သူလူထုအမှန်တကယ်အကျိုးပြု လူမှုကာကွယ်စောင့်ရှောက်ရေး

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့်ကျင့်ထုံးများအား အဖွဲ့ဝင်နိုင်ငံအချင်းချင်း ဖလှယ်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရေးဆွဲပြဋ္ဌာန်းထားသည့် “မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)”ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယခုအခါ ဆယ်နှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှု အကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်နှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့်ဟူသည့် အကျိုးခံစားခွင့်(၉)ရပ်ရှိသည်။ ယင်းတို့ကို မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်တွင် မူတည်၍ ထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်ပေးလျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလက်တွဲ၍ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့ရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ အသက်(၂)နှစ်အောက်ကလေးငယ်များအားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း တစ်ဦးတစ်ယောက်မျှမကျန်ရအောင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိတွင် သက်ကြီးရွယ်အိုများ ထောက်ပံ့ရေးအစီအစဉ်ကို မြို့နယ်အလိုက် လစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုများ လျှော့ပေါ့သက်သာခွင့်ရရှိရေးအတွက် သက်သေခံကတ်ပြားထုတ်ပေးရေး၊ ကင်းလွတ်ခွင့်ရရှိရေး၊ အများပြည်သူသို့ အသိပေးနိုင်ရေး၊ စာရင်းကောက်ယူရေး၊ စိစစ်ရေးလုပ်ငန်းများ စသည့်လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်။ အလားတူ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်(၉)ရပ်စလုံးကို အားလုံးအကျုံးဝင်အောင် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများစွာရှိမည်ဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံတော်မှရရှိသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နောင်အခါတွင် အခြားအစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ရေးကို ထည့်သွင်းစဉ်းစားထားရမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်။ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင် အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး GDP အပေါ်မူတည်၍ ထောက်ပံ့မှုအနည်းအများကို တွေ့နိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့်ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေး ရည်ရွယ်လျက် ၁၉၂၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့မှ စတင်ဖွဲ့စည်းထားသည့် နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့ပေါင်း ၃၃၈ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အာဆီယံလူမှုဖူလုံရေးအသင်းတွင်လည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန်ရည်ရွယ်သည့် သဘောတူညီမှုစာချွန်လွှာတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ အာဆီယံ ၁၀ နိုင်ငံ၏ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် မွန်မြတ်သည့်လုပ်ငန်းများဖြစ်သည့်အပြင် နိုင်ငံသားအခွင့်အရေးလည်းဖြစ်ရာ အများပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုရန်အတွက် ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းများဖြစ်သဖြင့် လုပ်ငန်းစဉ်(၉)ရပ်စလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား” ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “အမေရိကန် နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာသိမ်းက သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကား ပြောကြားသည်။



ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုချက်ရယူပြီး အစုပေါ်အမြတ်ငွေကျပ် ၇၃၂၇၁၀ ကို အသင်းဝင် အသင်းသားများထံ အစုတိုးမြှင့် ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ် ၃၀ စက္ကန့်တွင် စစ်တွေမြေငလျင်စခန်းမှ အနောက်ဘက် ၂၅၁ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြင်ပ (Bay of Bengal) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၆၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၈၉ ဒသမ ၀၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၂၅ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၅၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၁၀၃ | ၇၅၁,၉၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၂၄ | ၇၂,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၁၀၁ | ၁၉၁,၈၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၀၂ | ၂၉၅,၈၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁၅၂ | ၂၄၃,၇၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၅၀ | ၁၂၀ | ၄၇၁,၅၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၁၁ | ၃၆၀,၂၅၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၅ | ၁၄,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## အမျိုးသားမြေအသုံးချမှုကောင်စီ သတ္တမအကြိမ် အစည်းအဝေး ကျင်းပ

### နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပဋိပက္ခများသည် မြေအရင်းအမြစ်များကို အသုံးချမှုနှင့် ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ် ဖွံ့ဖြိုးလာရန် အရေးကြီး





နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမျိုးသား မြေအသုံးချမှုကောင်စီ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်တင့်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှုကောင်စီ အထောက်အကူပြုလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြေအရင်းအမြစ်များသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်စားဝတ်နေရေးအတွက် အခြေခံကျသော အဓိက အရင်းအမြစ်များ ဖြစ်သလို တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဆက်နွှယ်နေသည့် အရင်းအမြစ်တစ်ခုလည်း ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပဋိပက္ခများသည် မြေအရင်းအမြစ်များကို အသုံးချမှုနှင့် ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ်ဖွံ့ဖြိုးလာရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူပါဝင်မှုနှင့် ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံတွင် မြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်ဥပဒေ ၅၃ ခုရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေများအချင်းချင်း ဝိရောဓိဖြစ်နေခြင်း၊ ခေတ်စနစ်နှင့် မကိုက်ညီခြင်းများကို ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် ပြဋ္ဌာန်းဥပဒေများကို လေ့လာဆန်းစစ်ပြီး ဥပဒေများအချင်းချင်း သဟဇာတဖြစ်စေရေးနှင့် အဆိုပါဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသား မြေဥပဒေမူကြမ်း ရေးဆွဲပြုစုခြင်း အချိန်ကာလသတ်မှတ်ချက်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ ၁၅ လ လျာထားသတ်မှတ်ထားပြီး ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် အမျိုးသား မြေဥပဒေမူကြမ်း အဆင့်ထိ ရောက်ရှိလာပြီ ဖြစ်ပါကြောင်းနှင့် ဥပဒေမူကြမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသား မြေအသုံးချမှုကောင်စီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဆဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ အမျိုးသား မြေဥပဒေမူကြမ်း ရေးဆွဲပြုစုနေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေး အဖွဲ့၏ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက တွေ့ကြုံရသော မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသား မြေဥပဒေမူကြမ်းအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များ၊ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် မြေအသုံးချမှုနှင့် သက်ဆိုင်သော စာရင်းနှင့် သတင်းအချက်အလက်များဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှု ရှေ့ပြေးစီမံကိန်းရေးဆွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌက အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အဓိကလုပ်ငန်းတာဝန်တစ်ခုဖြစ်သော အမျိုးသားမြေဥပဒေမူကြမ်းအပေါ် အဖွဲ့ဝင်များအကြား ချပြဆွေးနွေးနိုင်ခဲ့ပြီဖြစ်သဖြင့် ဆွေးနွေးချက်များအပေါ် အခြေခံ၍ အမျိုးသား မြေဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆက်လက် လုပ်ဆောင်သွားကြရန်နှင့် စနစ်ကျ၍ ထိရောက်ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးအတွက် လုပ်ငန်းတာဝန်များကို ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ကျောက်ဆည်မြို့နယ်မှ**

ဧက ၆၅၀၊ ကင်းတားဆည်မှ သင်းဒီးစိုက်ပျိုးရေပေးမြောင်းဖြင့် ၄၆၅၉ ဧက၊ ထုံးကြီးစိုက်ပျိုးရေပေးမြောင်းဖြင့် ဧက ၂၁၈၀၊ စမာစိုက်ပျိုးရေပေးမြောင်းဖြင့် ၄၃၀၈ ဧက၊ သစ်တက္ကူန်းဆည်မှ သစ်တက္ကူန်းစိုက်ပျိုးရေပေးမြောင်းဖြင့် ဧက ၄၀ စုစုပေါင်းဧက ၂၉၀၀၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်းများ စိုက်ပျိုးရာတွင် မိရိုးဖလာပက်ကြဲစနစ်၊ သိပ္ပံနည်းကျ ထွန်ကြောင်းဆွဲ တန်းချစနစ်၊ ပေါင်ကြီးတင်စနစ် စသည့်စနစ်များကို အသုံးပြုကာ စိုက်ပျိုးလျက်ရှိကြောင်းနှင့် နွေနှမ်းစိုက်တောင်သူများမှလည်း အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီသည့် ဆင်းရတနာ(၄) နှမ်းမျိုးများ အများဆုံးစိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရေး မြေပြုပြင်ချိန်မှစတင်ကာ အပင်ပြုစုပျိုးထောင် သားခွဲ ပေါင်းနုတ်ရှင်းလင်း သွင်းအားစုထည့်၊ ရိတ်သိမ်းချိန်အထိ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း “ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ညစာဖြင့် တည်ခင်းဧည့်ခံ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် “ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့် ရှိသူများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lakeview Resort ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးပို့ချကြမည့် သင်တန်းနည်းပြများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ “အာဆီယံပြန်ကြားရေးကဏ္ဍနှင့် မြန်မာနိုင်ငံတော်မီဒီယာ” Video Clip ကို ဖွင့်လှစ်ပြသသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အစိုးရ၏ ဆက်သွယ်ညှိနှိုင်း ပြောဆိုရေးကဏ္ဍတွင် အရည်အသွေးနှင့် ထိရောက်မှုကိုမြှင့်တင်ရန် တူညီသော ကတိကဝတ်များဖြင့် စည်းလုံးညီညွတ်စွာဖြင့် အာဆီယံဒေသအတွင်းရှိ လုပ်ဖော်ကိုင်ဖက်များအားလုံး ယခုနေရာတွင် တစုတဝေးတည်း ဆုံတွေ့ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အစိုးရများနှင့် ၎င်းတို့၏ ပြည်သူလူထုကို ချိတ်ဆက်ပေးသည့် ပေါင်းကူးတံတား တစ်ခုသဖွယ်ဖြစ်ပြီး ပွင့်လင်းမြင်သာမှု ရှိစေရန်၊ ယုံကြည်မှုကို မြှင့်တင်ရန်နှင့် ပိုမိုခိုင်မာသော လူမှုအသိုင်းအဝိုင်းများ တည်ဆောက်ပေးရန်ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် အများပြည်သူနှင့် ထိရောက်စွာဆက်သွယ်နည်း၊ အကျပ်အတည်းများကို စီမံခန့်ခွဲနည်းစနစ်များနှင့် အစိုးရဌာနများ၏ သတင်းစကားများကို ရှင်းလင်းစွာဖြင့် ထိရောက်စွာ ပေးပို့သည့် နည်းစနစ်များကို လေ့လာ သင်ယူသွားကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းဆရာများအနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများကို မျှဝေပေးသွားမည်ဖြစ်ပြီး တက်ရောက်လာကြသူများအား ပြောရေးဆိုခွင့် ရှိသူများအဖြစ် သက်ဆိုင်ရာ အခန်းကဏ္ဍအသီးသီးတွင် အသုံးချနိုင်မည့် အဖိုးတန်သည့် လက်တွေ့လေ့ကျင့်ခန်းများ၊ နည်းစနစ်များစသည်တို့ကို သင်ကြားပြသပေးသွားမည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ၏ စွမ်းရည် မြှင့်တင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်ပြုချက်ကို သက်သေပြလျက်ရှိပါကြောင်း။

ဆက်သွယ် ညှိနှိုင်းပြောဆိုမှုအခန်းကဏ္ဍသည် သတင်းအချက်အလက်များကို မျှဝေရုံအတွက်သာမက ပိုမိုသာလွန်သည့် အပြန်အလှန်ဆွေးနွေးမှု၊ စာနာမှုနှင့် အပြန်အလှန် နားလည်မှုများအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း၊ အချင်းချင်း အပြန်အလှန် သင်ယူခြင်း၊ အသိပညာနှင့် အတွေ့အကြုံများကို ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ကိုမွေးမြူခြင်းဖြင့် နိုင်ငံတော်အစိုးရအသီးသီးသည် လူထုနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်နိုင်ပြီး ထိတွေ့ဆက်ဆံနိုင်မှု စွမ်းရည်ကို အားကောင်းလာစေနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညစာစားပွဲသို့ တက်ရောက် လာကြသည့် သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက အာဆီယံနိုင်ငံများအလိုက် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ဖော်ကျူးရေးစပ်ထားသည့် တေးသီချင်းနှင့် တွဲဖက်၍ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲ အပြီးတွင် ပြည်ထောင်စု ဝန်ကြီးနှင့် သင်တန်းနည်းပြဆရာ Mr.V Cyril Demitrius Pereira တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်၍ ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများ၊ အခြားအဖိုးတန်ကျောက်မျက်ရတနာများနှင့် ပြခန်းအောက်ထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

---

★ **ရွှေဖုံးမှ**

ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်(၂၁)ကြိမ်မြောက် သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ/ပြိုင်ပွဲကျင်းပရန် နှစ်လခန့်အလိုက ဥယျာဉ်တည်ဆောက်ခဲ့ပြီး အများပြည်သူအပန်းဖြေအနားယူနိုင်မည့် ပန်းဥယျာဉ်အဖြစ် ဆက်လက်ထားရှိသည်ဟု ဆိုသည်။

“လူထုအပန်းဖြေရာ ပန်းခြံဖြစ်အောင်လုပ်ဖို့ အစီအစဉ်ရှိတာနဲ့အညီ ဆင်ဖြူကန်ကွင်း သာယာလှပအောင် လုပ်သွားမယ်။ ပြည်ထောင်စုနေ့အကြို သစ်သီးဝလံ၊ ပန်းမန်ပြပွဲအတွက် ပြင်ဆင်ခဲ့ပြီးနောက် သာယာလှပတဲ့ ပန်းဥယျာဉ်အဖြစ် ဆက်လက်ထားရှိတာပါ။ မြမာလာဥယျာဉ်လို့ အမည်ပေးထားတယ်။ အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုသလို ဥယျာဉ်ထဲမှာ စားဖိုဆောင်သီးနှံစိုက်ခင်းလည်း ပါဝင်တယ်”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။

မြမာလာပန်းဥယျာဉ်သည် အလျားပေ ၆၈၀ ခန့်၊ အကျယ် ပေ ၁၁၀ ခန့်ရှိပြီး ဥယျာဉ်အတွင်း၌ ပန်းအလှပင်များဖြင့် စိုက်ပျိုးပုံဖော်ထားသည့် ပေ ၆၀ အကျယ် ပန်းဝိုင်းတစ်ခု၊ ပေ ၄၀ အကျယ် ပန်းဝိုင်းတစ်ခုနှင့် ပေ ၃၀ အကျယ် ပန်းဝိုင်းတို့ဖြင့် ရောင်စုံပန်းများ စိုက်ပျိုးကာ ဥယျာဉ်အလှကို ပုံဖော်ထားကြောင်း၊ ဥယျာဉ်အတွင်း နားနေရန် ထိုင်ခုံများဆောင်ရွက်ပေးထားသည့်အပြင် ပန်းဥယျာဉ် အဝင်/အထွက်လမ်းများ ကောင်းမွန်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြမာလာပန်းဥယျာဉ်မှာ လူထုအပန်းဖြေအနားယူဖို့ သာယာလှပတဲ့ ရတနာပုံဥယျာဉ်လိုဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်တယ်။ ရောင်စုံပန်းအလှပင်တွေ အရိပ်ရအပင်တွေ ဖြည့်ဆည်းစိုက်ပျိုးမယ်။ နေ့စဉ် ရေလောင်းပေါင်းသင်တာ၊ ပန်းမန်သစ်ပင်တွေ ရှင်သန်ပွင့်ဖူးအောင် ဌာနက ဆောင်ရွက်သွားမှာပါ”ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းသာယာလှပရေး၊ မြို့နေလူထု စိတ်ချမ်းသာမှုရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ လူထုအပန်းဖြေအနားယူနိုင်သည့် ရတနာပုံဥယျာဉ်၊ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်နှင့် မြမာလာဥယျာဉ်တို့အပြင် ကုသိုလ်တော်ဘုရားပန်းခြံ၊ ရှုခင်းသာပန်းခြံ၊ မဟာအောင်မြေပန်းခြံ၊ ချမ်းမြဝတီပန်းခြံ စသည်တို့နှင့်ကမ်းနားလမ်းပန်းခြံခုနစ်ခုအပါအဝင် ၂၂ ခု ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာ့ဓလေ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများအချင်းချင်း ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အပြန်အလှန် ညီညွတ်မှုတစ္စာဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်တတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ အရာထမ်း၊ အမှုထမ်းများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ အမှတ်ပေးအကဲဖြတ်ဒိုင်များက ထမနဲထိုးပြိုင်ပွဲဝင်များနှင့် ပါဝင်ပစ္စည်းများ ခင်းကျင်းပြသထားမှုအပေါ် ကြည့်ရှုစစ်ဆေးကြပြီး အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် အသင်းခြောက်သင်းဖြစ်သည့် ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုး ယှဉ်ပြိုင်ကြပြီး အားပေးကြသူများက အိုးစည်ဗုံမောင်းများ၊ အကအဖွဲ့များ၊ သံချပ်များ၊ သီချင်းများ ပြိုင်တူသီဆိုကြပြီး အပြိုင်အဆိုင်အားပေးကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများက ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် ထမနဲအသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဝန်ကြီးရုံး ထမနဲအသင်းအား ဆုပေးအပ်ချီးမြှင့်ပြီး အမှတ်ပေးအကဲဖြတ်ဒိုင်များအား MRTV DTH စလောင်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲဝင် ၃၆ ဦးအား MRTV DTH စလောင်းများ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မော်လမြိုင်တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

## အသိပညာဗဟုသုတပြည့်စုံပြီး ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်တိုက်တွန်းမှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်နှင့်အတူ မော်လမြိုင်တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လူငယ်ရေးရာ ကိစ္စများ ဆွေးနွေးမှာကြားသည်။

**ကြိုးစားတည်ဆောက်**

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဖြစ်ကြ၍ အခြေခံပညာအဆင့်တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် လေ့ကျင့်သင်ကြားမှုများဖြင့် ထိုက်သင့်သည့် အတတ်ပညာ၊ အသိပညာ ပြည့်ဝခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ ဘွဲ့ရပညာတတ်များအဖြစ် လောကအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်ကြတော့မည့် နိုင်ငံ့အင်အားများဖြစ်ကြောင်း၊ ပညာကို စွဲစွဲမြဲမြဲ သင်ယူခဲ့ကြ၍ ယခုအဆင့်အထိ ရောက်လာခြင်းမှာ အားရစရာဖြစ်ကြောင်း၊ ပညာသည် တစ်ဦးချင်းအတွက်သာမက နိုင်ငံအတွက်ပါ အဓိကကျသဖြင့် ဆုံးခန်းတိုင် တတ်နိုင်သလောက် သင်ယူကြစေလိုကြောင်း၊ ဘဝတွင် စာတတ်လေ၊ ပညာတတ်လေ အကျိုးရှိလေဖြစ်ကြောင်း၊ သို့ဖြစ်၍ ဘွဲ့ရရှိရုံသာမက ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်သည်အထိ ဆက်လက်လေ့လာသင်ယူ ဆည်းပူးသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ရုံသာမက အသိဉာဏ်ပညာ ပြည့်ဝသူများ၊ ဗလငါးတန်နှင့် ပြည့်ဝသူများ ဖြစ်အောင် ကြိုးစားတည်ဆောက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ အသိဉာဏ်ပညာပြည့်ဝရေးအတွက် စာပေလေ့လာဖတ်ရှုကြရန် လိုကြောင်း၊ လေ့လာသင်ယူမှုတွင် ပြည့်စုံပြီ၊ ပြီးမြောက်ပြီဟု မရှိနိုင်ကြောင်း၊ အသက်ရှင်နေသရွေ့ ထာဝရလေ့လာသင်ယူနေခြင်းဖြင့် မိမိတို့ဘဝကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့လူငယ်အချို့မှာ စာပေဖတ်ရှုမှုနည်းပါးသဖြင့် အတွေးအခေါ် အယူအဆလွဲမှားနေကြသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လူငယ်များ အသိပညာ၊ အတတ်ပညာ ပြည့်ဝရေး၊ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို တိုက်တွန်းအားပေးလျက်ရှိကြောင်း၊ စာမတတ်သူသည် ထိုင်နေသူနှင့်တူပြီး စာတတ်သော်လည်း စာမဖတ်ပါက ရပ်နေသူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုကြမှသာ လမ်းလျှောက်နေသူနှင့် တူမည်ဖြစ်ကြောင်း ဥပမာပေး၍ လမ်းညွှန်ထားသည်နှင့်အညီ မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် စာပေလေ့လာဖတ်ရှုကြရန် တိုက်တွန်းမှာကြားသည်။

ထို့ပြင် မူးယစ်ဆေးဝါးကင်းစင်ပြီး အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားကြရန်လိုကြောင်း၊ မိမိတို့ဘဝ ပျက်စီးစေမည့်အရာများကို အသိတရားဖြင့် ထိန်းသိမ်းကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် မဲမသမာမှုများ ရှိခဲ့သဖြင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကြောင့် အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီး နိုင်ငံတော်ကို ပြန်လည်လွှဲအပ်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆူပူအကြမ်းဖက်မှုများ ပပျောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့အကျိုး မလိုလားသူ၊ နိုင်ငံတော်ကို ပျက်စီးစေလိုသူ၊ အဖျက်အမှောင့်သမားများနှင့် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ကောလာဟလများဖြင့် ဖျက်ဆီးလုပ်ဆောင်လျက်ရှိကြောင်း၊ သိလိုသည့်အချက်များ စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်ရှိပါက ဆက်သွယ်နိုင်ရေး သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို သတိတရားဖြင့် ကာကွယ်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။




**ဥပဒေများကို သိရှိနားလည်ထားရန်လို**

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများကို သိရှိနားလည်ထားရန် လိုကြောင်း၊ မဖြစ်သင့်တာ မဖြစ်အောင်၊ ဒုက္ခမရောက်အောင်၊ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းနိုင်ကြောင်း အသိပညာဗဟုသုတပြည့်စုံပြီး ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်နှင့် ဆရာဆရာမများကလည်း သားသမီးအရင်းများကဲ့သို့ ပြုစုစောင့်ရှောက် သွန်သင်ပြသပေးကြပါရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ထို့နောက် တက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။ တွေ့ဆုံပွဲသို့ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမ ၄၀၀ ခန့် တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မော်လမြိုင်ကိုယ်ပွား သတင်းစာတိုက်နှင့် မုဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မုဒုံမြို့နယ်တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆောက်လုပ်ဖွင့်လှစ်ထားသည့် ဘဲရမ်းကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက်နှင့် နိုင်းပြိုင်ကျေးရွာ ပညာဥယျာဉ် စာကြည့်တိုက်တို့ကို ဝင်ရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်တည်တံ့စေရေး၊ အချိန်မှန်ဖွင့်လှစ်နိုင်ရေး၊ စာအုပ်စာစောင်များ တိုးပွားရေးတို့ကို တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

**သတင်းစဉ်**

# Critical Thinking နဲ့ Common Sense

## ••••••• နိုင်ငံတကာရေးရာ သုတေသီတစ်ဦး •••••••

**Critical Thinking နဲ့ Common Sense ဆိုတာ အခုတစ်လော လူပြောများတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဟိုဘက်၊ ဒီဘက် အဲဒီစကားလုံးတွေ အတော်သုံးတယ်။ ရွေးကောက်ပွဲအနိုင်ရတဲ့ ထရမ့်ဆိုရင် ရွေးကောက်ပွဲကာလမှာ မဲဆန္ဒရှင်တွေကို Common Sense သုံးကြပါဆိုပြီး အကြိမ်ကြိမ်တိုက်တွန်းတယ်။**

မဲနိုင်ပြီးနောက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ပြုလုပ်တဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမှာလည်း **Common Sense** ဆိုတာကို တော်လှန်ရေးတစ်ခုအသွင်နဲ့ **Revolution of Common Sense** ဆိုပြီး ထည့်သွင်းသုံးနှုန်းတယ်။ အမေရိကန်ပြည်သူတွေဟာ သူ့ကို ရွေးကောက်ပွဲမှာ **Common Sense** သုံးပြီး မဲပေးခဲ့တယ်။ အမေရိကန် နိုင်ငံရေးကို လူလိမ်လူညာတွေလက်ထဲက ကယ်တင်ခဲ့ပြီဆိုတဲ့သဘော သက်ရောက်တယ်။ ထရမ့်ရုံးတက်ပြီးတစ်လအတွင်း အလုပ်တွေ အများကြီးလုပ်တယ်။ သူ့ရဲ့အချို့အမိန့်တွေ၊ လူသိရှင်ကြားမှတ်ချက်တွေကို လူတွေကမလိုက်နိုင်ဘူး၊ နားမလည်ကြဘူး။

ထရမ့်ကို သတင်းထောက်တွေက မေးတယ်။ ဘာကြောင့် ဒီလို ဆုံးဖြတ်တာလဲ။ ဘာကြောင့် ဒီလိုပြောတာလဲပေါ့။ ထရမ့်က တစ်လုံးပဲပြန်ပြောတယ်။ **Common Sense** တဲ့။ ထရမ့်အနားက သူ့လူယုံ ကမ္ဘာ့အချမ်းသာဆုံး အီလွန်မက်ကိုလည်း အစိုးရအလုပ်တွေ ဝင်စွက်ဖက်တယ်၊ အစိုးရဌာနတွေကိုချုပ်ကိုင်ဖို့ ကြိုးစားတယ်၊ အစိုးရဌာနတွေအထက်ကနေဖို့ ကြိုးစားတယ်ဆိုပြီး စွပ်စွဲကြတယ်။ အိမ်ဖြူတော်မှာလုပ်တဲ့ သတင်းမီဒီယာတွေနဲ့တွေ့ဆုံပွဲမှာ အီလွန်မက်က ထရမ့်ကို ဘေးမှာထားပြီး မေးခွန်းတွေဖြေရင်း **Common Sense** ဆိုတာ ထည့်သုံးတယ်။ **Common Sense** ဆိုတဲ့ အသုံးအနှုန်းဟာ ၂၀၂၅ ခုနှစ်အစမှာတင် သိပ်ကိုခမ်းနားကြီးကျယ်သွားခဲ့တယ်။

အနည်းဆုံး ထရမ့် စင်ပေါ်မှာရှိနေသရွေ့ပေါ့။ ဒါဆို **Critical Thinking** ဆိုတာ ဘေးရောက်သွားတဲ့သဘောလား။ အဲဒီလိုတော့ မဟုတ်ပါဘူး။ **Critical Thinking** ဆိုတာ ကျောင်းတွေ၊ တက္ကသိုလ်ကြီးတွေ၊ သုတေသနဌာနကြီးတွေမှာ သင်ကြားမှုဝေနေတဲ့သဘောတရားဖြစ်ပါတယ်။ **Critical Thinking** သဘောသဘာဝက နဂိုကတည်းက ကြီးကျယ်ပြီးသားဖြစ်တယ်။ ဘယ့်နှယ်တော့ ဘေးရောက်မလဲ။ သို့ပေတည့် အခုအချိန်မှာ သူလည်း **Revolution of Common Sense** ဆိုတာမျိုး **Revolution of Critical Thinking** တော်လှန်ရေးတစ်ရပ် လိုနေတယ်လို့မြင်တယ်။

ဆောင်းပါးရှေ့မဆက်ခင် **Critical Thinking** နဲ့ **Common Sense** ဆိုတာ ဘာလဲဆိုတာ နည်းနည်းဆွေးနွေးပါမယ်။ နှစ်ခုစလုံးက သိသလိုနဲ့ ရောနေတတ်ကြတယ်။ ဘဝမှာ **Critical Thinking** ကော **Common Sense** ကော နှစ်ခုစလုံးလိုတယ်။ အချို့က **Critical Thinking** ဆိုတာ **Common Sense** ကလာတာဖြစ်တယ်။ **Critical Thinking** ဆိုတာ **Common Sense** ကို အဆင့်မြှင့်လိုက်တာပဲ ဖြစ်တယ်လို့ ပြောကြတယ်။

**Critical Thinking** ဆိုတာ သေသေချာချာ ဆန်းစစ်လေ့လာတာ။ နှိုင်းဆချင့်ချိန်တာ။ အကျိုးအပြစ်ကို ကြည့်တာပေါ့။ စိတ်ကူးယဉ်တာလေးတွေ နည်းနည်းပါတယ်။ အိပ်မက်အကြီးကြီး မက်တယ်ပေါ့။ ပညာနည်းနည်းတတ်လာပြီဆိုရင် ထပ်ပြီးပညာကို အဆင့်မြှင့်ရသလို အတွေးအခေါ်ကို အဆင့်မြှင့်ရတယ်။ ကျောင်းတွေမှာ စာသင်တယ်ဆိုတာ တဖြည်းဖြည်း အတွေးအခေါ်ကို မြှင့်တင်ပေးတာပဲ။ **Common Sense** ကျတော့ လက်တွေ့ကျတာမျိုးပေါ့။ သာမန်စိတ်ပေါ့။ အတွေးမလွန်ဘူး။ သိပ်စိတ်ကူးမယဉ်ဘူး။ ဖြစ်ချင်တာဆီမသွားခင် ဖြစ်သင့်တာကို ဦးစားပေးတယ်ပေါ့။ လူတိုင်းမှာ သာမန်အသိစိတ်ဆိုတာတော့ရှိတယ်။ အဲဒီသာမန်အသိစိတ်တွေက ဘဝအတွေ့အကြုံများလေ ပြောင်းလဲလေပဲ။

သို့သော် အတွေ့အကြုံများတိုင်း အသိမှန်ရမယ်လို့တော့ မဆိုလိုဘူး။ အတွေ့အကြုံများပြီး အသိမှားတွေအများကြီးရှိတယ်။ အချို့က အောင်မြင်ချင်ရင် **Critical Thinking** ကောင်းရမယ်လို့ ပြောကြသလို အချို့ကလည်း အောင်မြင်ချင်ရင် **Common Sense** ရှိရမယ်လို့ ဆိုတယ်။ **Critical Thinking** က ပညာတတ်တွေ၊ **Common Sense** က လူပြိန်းတွေလို့ အဲဒီလိုတော့ အသေသတ်မှတ်လို့မရပါဘူး။

### ပညာတတ်တွေမှာ ပိုတွေ့ရလေ့ရှိ

**Critical Thinking** ဆိုတာ များသောအားဖြင့် ပညာတတ်တွေမှာ ပိုတွေ့ရလေ့ရှိတယ်လို့ ရေးခဲ့တယ်နော်။ အချို့ပညာတတ်တွေဟာ အင်မတန်လျင်တယ်။ တစ်ခုခုဆို ရအောင်၊ ဖြစ်အောင် လှည့်ပတ်လုပ်လေ့ရှိတယ်။ သူတော်ကောင်းယောင်ဆောင်တယ်။ လူမှုဆက်ဆံရေး ကောင်းတယ်။ လူ့အထာကိုသိတယ်။ သူတို့မှာ ကောင်းတာတွေလည်း ရှိတယ်။ မကောင်းတာတွေလည်းရှိတယ်။ ပညာတတ်မှရယ်တော့ မဟုတ်ပါဘူး။ အားလုံးဟာ လူ့စိတ်တွေပဲလေ။

ဒါကြောင့် ဒီပုတ်ထဲကဒီပဲဆိုသလို ပညာတတ်အသိုင်းအဝိုင်းကို စိတ်ပျက်စရာဖြစ်လာတယ်။ အဲဒီသဘောပဲ နိုင်ငံရေးမှာလည်း ပညာတတ်တွေ၊ အတွေ့အကြုံများတဲ့သူတွေမှာ **Critical Thinking** တွေ ပိုတွေ့ရလေ့ရှိတယ်။ စကားလုံးတွေ အကြီးကြီးပြောတယ်။ ဟန်ရေးပြကြတယ်။ ရွေးကောက်ပွဲနီးရင် သူတို့ထွက်လာပြီ။ လူတွေ (မဲဆန္ဒရှင်တွေ) ကြားထဲလာ၊ လူထုကို ကတိတွေပေး၊ လက်ခုပ်သံတွေယူ၊ နောက် ရွေးကောက်ပွဲလည်းပြီးရော သူတို့ပျောက်သွားကြပြန်တယ်။ လူလည်တွေပေါ့။ ပြောထားတဲ့အတိုင်းဖြစ်မလာရင် ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ၊ ကြိုတင်ဓားစာခံရှာထားကြတာပေါ့။ လေးနှစ် သို့မဟုတ် ငါးနှစ်ကြာလို့ နောက်တစ်ကြိမ် ရွေးကောက်ပွဲလုပ်၊ အာဏာကို နောက်လူလွှဲ၊ နောက်လူကလည်း ဒီပုတ်ထဲကဒီပဲ သဘောမျိုးပဲပေါ့။ လူတွေ(မဲဆန္ဒရှင်တွေ)က တစ်ခုခုလွဲနေပြီဆိုတာတော့ သိကြတယ်။

**❝ Critical Thinking ဆိုတာ သေသေချာချာ ဆန်းစစ်လေ့လာတာ။ နှိုင်းဆချင့်ချိန်တာ။ အကျိုးအပြစ်ကိုကြည့်တာပေါ့။ စိတ်ကူးယဉ်တာလေးတွေ နည်းနည်းပါတယ်။ အိပ်မက်အကြီးကြီး မက်တယ်ပေါ့။ ပညာနည်းနည်းတတ်လာပြီဆိုရင် ထပ်ပြီး ပညာကိုအဆင့်မြှင့်ရသလို အတွေးအခေါ်ကို အဆင့်မြှင့်ရတယ်။ ကျောင်းတွေမှာ စာသင်တယ်ဆိုတာ တဖြည်းဖြည်း အတွေးအခေါ်ကို မြှင့်တင်ပေးတာပဲ။ Common Sense ကျတော့ လက်တွေ့ကျတာမျိုးပေါ့။ သာမန်စိတ်ပေါ့။ အတွေးမလွန်ဘူး။ သိပ်စိတ်ကူးမယဉ်ဘူး။ ဖြစ်ချင်တာဆီမသွားခင် ဖြစ်သင့်တာကို ဦးစားပေးတယ်ပေါ့။ လူတိုင်းမှာ သာမန်အသိစိတ်ဆိုတာတော့ရှိတယ်။ အဲဒီသာမန်အသိစိတ်တွေက ဘဝအတွေ့အကြုံများလေ ပြောင်းလဲလေပဲ ❞**

နိုင်ငံရေးသမားတွေကို အယုံအကြည်နည်းပါးလာတယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အနည်းနဲ့အများ နိုင်ငံရေးသမားတွေကို အများပြည်သူက ယုံကြည်မှုနည်းပါတယ်။

### နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် လူထုသဘောထားအမြင်

ယူအင်န်(UN)တို့၊ နိုင်ငံတကာအဖွဲ့အစည်း (INGO) တို့ကြည့်ပါ။ လူတွေက သူတို့ကိုယုံကြည်ကြသလား။ ဒီကနေ့အချိန်မှာ ဘယ်နိုင်ငံမှာဖြစ်ဖြစ် နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် လူထုသဘောထားအမြင်က မကောင်းလှပါဘူး။ လူတွေအမြင်မှာ ဒီအဖွဲ့အစည်းတွေဟာ လစာတွေသာ ကောင်းကောင်းယူနေတယ်၊ စကားလုံးတွေ အကြီးကြီးပြောတယ်၊ ဥပဒေမူဘောင်တွေ ပါးစပ်ကမချဘူး၊ အောက်ခြေ လိုအပ်တဲ့ ပြည်သူတွေဆီ ထိရောက်တဲ့အကူအညီတွေ မရောက်ဘူး၊ အမျိုးမျိုးအကြောင်းပြပြီး အာဏာရှိသူနဲ့သာ သင့်အောင်နေတယ်၊ တကယ်အဆင်ပြေနေတဲ့သူတွေက သူတို့ဝန်ထမ်းတွေပါပေါ့၊ အလှူငွေဆိုတာလည်း ပြည်သူ့ဆီရောက်တာနည်းနည်း သူတို့အသုံးစရိတ်က ခပ်များများပါပေါ့၊ သူတို့အစီရင်ခံစာတွေမှာဆို အားလုံးကောင်းတာချည်းပဲ။

ကမ္ဘာကြီးက ငြိမ်းချမ်းရေး၊ လုံခြုံရေးတိုးတက်လာသလားဆိုရင် တစ်နှစ်ထက်တစ်နှစ် ပြဿနာတွေများလာတာ မျက်မြင်ပဲဆိုပြီး လူတွေက သတင်းတွေမှာ ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့က ဘတ်ဂျက်တွေတောင်းခံလာရင် ဝိုင်းဝန်းလှောင်ပြောင်ကြပါတယ်။ ဒီလို နိုင်ငံတကာအဖွဲ့အစည်းတွေကို အကောင်းမမြင်တာ မြန်မာနိုင်ငံမှာတင် မဟုတ်ဘူးနော်။ ယူကရိန်းမှာလည်း ဒီလိုပဲ။ အာဖရိကမှာလည်း ဒီလိုပဲ။ နေရာအများစုမှာ ဒီလိုပဲမြင်ကြပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ စစ်တမ်းတွေအမျိုးမျိုးလုပ်ပြီး ပြုပြင်ပြောင်းလဲပြင်ဆင်ဖို့ သူများကို အကြံပေးပေမယ့် ကိုယ့်ကိုသူများက (အများပြည်သူ) ဘယ်လိုထင်မြင်သလဲဆိုတာတော့ လူသိရှင်ကြားမလုပ်ကြပါဘူး။ **Critical Thinking** အမြင်နဲ့ကြည့်မယ်ဆိုရင် လူတွေက ငါတို့ (နိုင်ငံတကာအဖွဲ့အစည်းတွေ)ကို နားမလည်နိုင်ကြပါဘူး၊ ငါတို့အလုပ်က ကမ္ဘာကြီးကို လွှမ်းခြုံတယ်၊ ခံစားချက်ဦးစားပေးလို့ မရဘူး၊ အချိန်ကို စောင့်ရတယ်ဆိုတာမျိုး ရှိပါတယ်။ **Common Sense** အမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ အာလူးလာမပေးနဲ့၊ လေတွေ နည်းနည်းလျှော့လို့ဆိုကြမှာဖြစ်ပါတယ်။

### အားပြိုင်တာအများကြီးရှိ

ကမ္ဘာ့နိုင်ငံရေးမှာလည်း **Critical Thinking** နဲ့ **Common Sense** အားပြိုင်တာ အများကြီးရှိတယ်။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတွေဆိုတာ **Critical Thinking** ပိုင်း များတယ်။ အထက်မှာဆိုခဲ့သလို အင်န်ဂျီအိုတွေ၊ စီအက်စ်အိုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ **Critical Thinking** အဓိကပဲ။ သူတို့က ထိခိုက်ခံစားနေရသူတွေဘက်က လိုက်ရတဲ့သူတွေကိုး။ ဆိုတော့ ပြဿနာပေါင်းစုံကို ထည့်သွင်းစဉ်းစားရတယ်။ ရေရှည်တည်တံ့မယ့်နည်းလမ်းတွေ ချိတ်ဆက်ဖော်ဆောင်ရတယ်။ သာမန်စဉ်းစားလို့မရဘူး။ ပြည်သူလူထု အားကောင်းလာလေ ဒီမိုကရေစီမကျတဲ့အစိုးရတွေ အားနည်းလာမယ်ပေါ့။

သူတို့ထဲက အချို့ဟာ လုပ်ရင်းကိုင်ရင်း **Critical Thinking** ထက်ကျော်လွန်ပြီး အစွန်းရောက်တာတွေရှိတယ်။ သက်ဆိုင်ရာနိုင်ငံတွေရဲ့ သမိုင်းကြောင်း၊ ခံနိုင်ရည်ဆိုတာမျိုးကို သိပ်ထည့်မတွက်ဘူး။ သူတို့စံနှုန်းတွေနဲ့ပဲ ဆုပ်ကိုင်တိုင်းတာတယ်။ အင်န်ဂျီအိုတွေ၊ တက်ကြွလှုပ်ရှားသူတွေဟာ ရောက်တဲ့နေရာမှာ လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုအကူအညီ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်စသဖြင့် အများအကြိုက်စကားလုံးတွေနဲ့ ပရောဂျက်အမျိုးမျိုးဖော်ဆောင်ကြတယ်။

မီဒီယာတွေက ဝန်းရံကြတယ်။ အဲဒီပရောဂျက်တွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာဆိုသူတွေရဲ့နောက်ကွယ်မှာ ယူအင်န်တို့လို၊ အီးယူတို့လို အဖွဲ့အစည်းကြီးတွေက ရန်ပုံငွေတွေထောက်ပံ့၊ သင်တန်းတွေပို့ချ၊ ဆုတံဆိပ်တွေပေး ချိတ်ဆက်အလုပ်လုပ်ကြတာပေါ့။ တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်သူတွေဆိုတာလည်း အနည်းနဲ့အများ နိုင်ငံတကာတက္ကသိုလ်တွေမှာ ကျောင်းပြီးတဲ့သူတွေ၊ ရက်တို၊ ရက်ရှည် သင်တန်းတက်ဖူးသူတွေ ဖြစ်ကြတယ်။ ပညာတတ်တွေများတယ်ပေါ့။ အသံတစ်သံတည်း ထွက်ကြတယ်။ ဒီမှာတင် နေရာပေါင်းစုံမှာ **Critical Thinking** တွေ လွှမ်းမိုးလာပြီး အားလုံးချိတ်ဆက်အလုပ်လုပ်ကြတာပေါ့။ အရာရာကို **Critical Thinking** နဲ့ ချိန်ထိုးစဉ်းစားကြတယ်။

သူတို့နဲ့အမြင်မတူရင် သဲကြီးမဲကြီးပဲ။ သူတို့ စံတန်ဖိုးထားတဲ့ အရာတွေ မလိုက်နာဘူးဆိုရင် အငြိုးတကြီးပဲ။ ကြိုက်ရင်ဆုပေးတယ်။ မကြိုက်ရင် ဆုကို ပြန်ရုပ်သိမ်းတယ်ပေါ့။ **Critical Thinking** လွန်းတော့ နိုင်ငံတကာအဖွဲ့အစည်းတွေ လေ့ကျင့်ပေးလိုက်တဲ့၊ သင်တန်းပေးလိုက်တဲ့ ပြည်တွင်းကတက်ကြွလှုပ်ရှားသူအချို့ဟာ ပြဿနာဖြေရှင်းသူတွေထက် ပြဿနာရှာဖွေသူတွေဖြစ်လာတယ်။ ငါတို့နောက်မှာ ကမ္ဘာကြီးရှိတယ်၊ ငါတို့နောက်မှာ နိုင်ငံတကာအသိုင်းအဝိုင်းက ရပ်တည်နေတယ်ဆိုတာမျိုး မြင်သွားတယ်။

ချုပ်ပြောရရင် နိုင်ငံရေးသမားတွေ အထူးသဖြင့် အနောက်လစ်ဘရယ်နိုင်ငံတွေက လွှတ်တော်အမတ်တွေ၊ နိုင်ငံရေးသမားတွေဟာ အဲဒီအစိုးရမဟုတ်တဲ့ ကွန်ရက်ချိတ်ဆက်အစုအဝေးကြီးကို လွန်ဆန်လို့မရဘူး။ သူတို့နဲ့အဆင်မပြေရင် ငါတို့ခုံလှုပ်မယ်ဆိုတာ စိတ်ထဲက အလိုလိုနားလည်နှင့်ပြီးသား ဖြစ်နေတယ်။ အလိုက်အထိုက် ဆက်ဆံရင်း သူတို့နဲ့ဟန်ချက်ညီဖို့ကြိုးစားရတယ်။

စာမျက်နှာ ၇ သို့ ☆

# မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မော်လမြိုင် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကိုဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဒေသနှင့်ကိုက်ညီ သင့်လျော်သည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြစ်သည့် ရော်ဘာလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းများကို ဦးစားပေးဖော်ထုတ်၍ ကာလတို၊ ကာလလတ်အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSMEလုပ်ငန်းများသည် အရေးပါဆုံးအခန်းကဏ္ဍတွင် ပါဝင်သဖြင့် အားပေးဆောင်ရွက်ကြရန် လိုအပ်သလို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိမ့်ဝင်လာစေရေး ရင်းနှီးမြှုပ်နှံသူများကြုံတွေ့လာနိုင်သည့် အခက်အခဲများကို မိမိတို့ကော်မတီဝင်များအနေဖြင့် အားပေးကူညီ ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်တင်ပြလာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး တင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ဝင်းရပ်(၃)ကွက် ဖောင်တော်ဆိပ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**က ပြောင်းလဲ အသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ အလံပုံစံ**



**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်ပြည့်ဖြိုးအောင်ရောင်းဝယ်ရေးသမဝါယမ အသင်းသားများဆောင်ရွက်သည့် ပဲကြော်၊ ပဲလှော် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကာ သဲကျွန်းကျေးရွာ၊ ရေပြည့်ကျေးရွာ၊ ကြည်လျှာကျေးရွာနှင့် ညောင်ရွာကျေးရွာတို့ရှိ သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများအား တွေ့ဆုံပြီး သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နှင့် သမဝါယမသင်တန်းကျောင်းများတွင် တက်ရောက်ရန် လိုအပ်သည့် အချက်အလက်များ နှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အမှိုက် စနစ်တကျစွန့်ပစ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ခရီးသွားပြည်သူများ အမှိုက်များကိုလမ်းပေါ်တွင် မစွန့်ပစ်ဘဲ အမှိုက်ပုံး၊ အမှိုက်ကန်များတွင်သာ စွန့်ပစ်ကြရန် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး-ပြင်ဦးလွင်ကားလမ်း ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ ၁၆ မိုင် O.H.C တိုးဂိတ်တွင် ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




☆ စာမျက်နှာ ၆ မှ

နောက်ဆုံး ကမ္ဘာ့စနစ်ကြီးတစ်ခုလုံးဟာ သိပ်ရှုပ်ထွေးသွားတယ်။ နောက်ကွယ်က လက်မည်းကြီးတွေ (Black Hands)၊ လျှို့ဝှက်ပူးပေါင်းကြံစည်မှုတွေ (Conspiracy Theory)၊ အစိုးရအဖွဲ့တွေအပေါ်က လျှို့ဝှက်ချုပ်ကိုင်နေတဲ့လူ၊ အဖွဲ့အစည်းတွေ (Deep State) ဆိုတာ ဖြစ်လာတယ်။ အချင်းချင်းမယုံသင်္ကာမှုတွေ သိပ်များလာတယ်။ အချိန်က ကမ္ဘာကြီးကို ယဉ်ကျေးမလာစေတော့ဘူး။ ပိုပြီးကြမ်းတမ်းခက်ထန်သွားတယ်။ နားလည်နိုင်ဖို့ ခက်ခဲလာတယ်။

**Common Sense က အောင်ပွဲခံ**

ကမ္ဘာအနှံ့ ဒီမိုကရေစီတန်ဖိုးတွေ၊ လူ့အခွင့်အရေး စံချိန်စံနှုန်းတွေ ကျဆင်းလာတယ်။ အဲဒီလို အနောက်လစ်ဘရယ်ကမ္ဘာမှာ အတွင်းကြိတ် ဝရုန်းသုန်းကားဖြစ်ပြီး **Critical Thinking** အားသာတဲ့ အမေရိကန်၊ ဥရောပလို လစ်ဘရယ်လွှမ်းတဲ့နိုင်ငံတွေဟာ အင်အားချည့်နဲ့လာတယ်။ တစ်ဖက်မှာ တရုတ်လို၊ ရုရှားလို၊ မြောက်ကိုရီးယားလို နိုင်ငံတွေဟာ **Common Sense** သုံးပြီး အင်အားကြီးထွားလာတယ်။ ဒါကြောင့် ထရမ့်က ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲမှာ အမေရိကန်မဲဆန္ဒရှင်တွေကို စိတ်ကူးမယဉ်ကြပါနဲ့။ လက်တွေ့အခြေအနေကို မြင်အောင်ကြည့်ပါ။ အမေရိကန်ကို တစ်ဖန်ပြန်လည်ကြီးမြတ်အောင် လုပ်ကြပါ။ သူ့ကို မဲထည့်ပါ။ တစ်နည်း **Common Sense** ကို အသုံးပြုပါဆိုပြီး အကြိမ်ကြိမ်ပြောခဲ့တယ်။ အမေရိကန်ပြည်သူအများစုကလည်း ဒါကို လက်ခံတယ်။ သူ့ကို မဲထည့်ခဲ့ကြတယ်။ အခု ထရမ့်နိုင်ပြီ။ တစ်နည်း အမေရိကန်မှာ **Common Sense** က အောင်ပွဲခံသွားပြီ။

အခုဆောင်းပါးက **Critical Thinking** ဆန့်ကျင်ရေးဆောင်းပါးလို့ မမှတ်စေချင်ဘူး။ သူများမမြင်တဲ့ရှုထောင့်က တင်ပြခြင်းသာဖြစ်တယ်။ ဘဝမှာ **Critical Thinking** ကော **Common Sense** ကော နှစ်ခုစလုံးလိုတယ်လို့ ရေးချင်တာဖြစ်တယ်။ **Critical Thinking** တွေ သိပ်များပြီး အီသွားရင် **Common Sense** ကို သုံးရမယ်။ **Common Sense** နဲ့ တစ်ချိန်လုံးသွားပြီး အီသွားရင် **Critical Thinking** သုံးရမယ်။ ဘယ်ဟာက ပိုသုံးသင့်သလဲ၊ ဘယ်ဟာက ပိုကောင်းသလဲဆိုရင် အောင်မြင်ရင်၊ ရလဒ်ထွက်ရင် ပိုကောင်းတာပဲ။

ခေတ်ကာလအပေါ်မူတည်ပြီး **Critical Thinking** ကော **Common Sense** ကော အပြောင်းအလဲရှိရမယ်။ တရားသေ မဆုပ်ကိုင်သင့်ဘူး။ ကိုယ့်အခြေအနေ ကိုယ်သာအသိဆုံးဖြစ်တယ်။ ငွေမရှိ ငွေအရင်ရှာ။ ပညာက အရေးကြီးတာမှန်ပေမယ့် ငွေမရှိဘဲ ပညာရှာချင်လို့တော့မရဘူး။ ပညာနဲ့ငွေ အတူတူသွားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ လူဆိုတာ အပြန်အလှန်လွှမ်းမိုးနေတဲ့ဝန်းကျင်မှာ ရှင်သန်ရတာဖြစ်တယ်။ ကိုယ်ခံအားကောင်းဖို့သာလိုတယ်။ ဘဝမှာ **Critical Thinking** ကော **Common Sense** ကော မျှတစွာ ချိန်ဆအသုံးချနိုင်ပါစေ။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး ဆပ်ကော်မတီများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ မလိခ ခန်းမ၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစား ပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ကြိုတင်စခန်းသွင်း လေ့ကျင့်ပြင်ဆင်၍ ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိရေး အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အနေဖြင့် အားကစားကဏ္ဍတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် အဆင့် (၃)နေရာ၌ ရပ်တည်နိုင်သည်အထိ အောင်မြင်ခဲ့သလို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင်လည်း အဆင့် (၅) နေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ စွမ်းဆောင်နိုင်ခဲ့သည့် အားကစားနည်းအလိုက် ဆပ်ကော်မတီတာဝန်ရှိသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုနှစ်တွင်လည်း ပြိုင်ပွဲများ၌ ကြိုတင်ပြင်ဆင် အောင်မြင်မှုရရှိရန်၊ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ဘဏ္ဍာနှစ်အလိုက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနိုင်ခဲ့သည့် အခြေအနေများနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သူနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်နိုင်ရေး၊ ပြိုင်ပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ လိုအပ်ချက်၊ အားကစားသမားများ စခန်းသွင်း လေ့ကျင့်စဉ် ကျွေးမွေးစရိတ်များကို အသီးသီးတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နည်းပြများအတွက် ချီးမြှင့်ငွေကျပ် ၈၆ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အလားတူ ညနေပိုင်းတွင် မြစ်ကြီးနားမြို့ ပလန(၅) သဇင်မြိုင်ကျေးရွာအုပ်စုအတွင်း ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နယ်မြေအသီးသီးမှ တိမ်းရှောင်လာခဲ့ကြသည့် အိမ်ထောင်စုများ အခြေချနေထိုင်နိုင်ရေးအတွက် အဆိုပါကျေးရွာအတွင်းရှိ သတ်မှတ်မြေဧရိယာတွင် အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အားပေးအမှာစကား ပြောကြားသည်။

ထို့နောက် စခန်းတာဝန်ခံနှင့် မိသားစုများက ရွှေ့ပြောင်းနေထိုင်မည့် မြေဧရိယာအတွင်း နေအိမ်အဆောက်အအုံများ တည်ဆောက်ရန် လျာထားမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၅၀ နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ပေးအပ်ခဲ့ကာ မြေဧရိယာရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကာယပညာနှင့်အားကစားနည်းပြ မွမ်းမံသင်တန်း(၁ / ၂၀၂၅) ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးအားကစား လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဆရာအတတ်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဒိုင်လူကြီးများ၊ ပညာရေးဒီဂရီကောလိပ်များမှ အားကစားနည်းပြဆရာ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပညာရေးဒီဂရီကောလိပ် ပေါင်းစုံ အားကစားပြိုင်ပွဲများကို နှစ်စဉ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ခြောက်မျိုးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းအတွက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ ပါဝင်ယှဉ်ပြိုင်ခြင်းမှသည် အနိုင်ရဗိုလ်စွဲရန် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စံချိန်သစ်များ တင်နိုင်သည်အထိ ကြိုးစားလေ့ကျင့်ပေးရမည် ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ် ဆရာဆရာမများက အားကစားနည်း စနစ်မှန်ကန်စွာဖြင့် လေ့ကျင့်သင်ကြားပေးနိုင်မှသာ အခြေခံပညာတွင် အားကစားထူးချွန်သည့် ဆရာဆရာမများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကိုယ်ကာယကြံ့ခိုင်ပြီး အားကစားထူးချွန်သည့် နိုင်ငံ့သားကောင်းမျိုးဆက်သစ်များကို ပြုစုပျိုးထောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၅)ကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၉ ရက်အထိ လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်းတွင် ဒုတိယအကြိမ် မွမ်းမံသင်တန်းဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိပြီး ပညာရေးဒီဂရီကောလိပ်များမှ အားကစားနည်းပြဆရာ သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အားကစားအခြေခံ နည်းစနစ်များ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျောင်းသားများ ရှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး





**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ သင်တန်းများ နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၅ ရက်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၅ ကျောင်းနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၆ ကျောင်း စုစုပေါင်း ၉၁ ကျောင်းတို့၌ ကျင်းပလျက်ရှိသည်။

**လှည့်လည်ကြည့်ရှုအားပေး**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများ နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲကို အင်ဂျင်နီယာဘာသာရပ်များအလိုက် စာမေးပွဲခန်းအသီးသီးတွင် ကျောင်းသားကျောင်းသူများ ရှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုကို ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အလုပ်ရုံများနှင့် ကျောင်းဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားလူငယ်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး လိုအပ်သည်များကို မှာကြားပြီး စာမေးပွဲဖြေဆိုပြီးသည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၆၈ ၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာရင်းဇယား အချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ လွှဲပြောင်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၅၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၈၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-



Mrs.Shi Rong Min



Mr.Qiau Ke Ji





Mrs.Nguyen Sinh Nga

**Mrs. Nguyen Sinh Nga (ဗီယက်နမ်နိုင်ငံသူ)**

အွန်လိုင်းကနေသိတဲ့ တရုတ်လူမျိုး Sai Cua က ထိုင်းနိုင်ငံမှာ Marketing အလုပ် လုပ်ရမယ်။ လူကိုယ်တိုင်တွေ့မှ လစာကိစ္စပြောမယ်လို့ ဆက်သွယ်လာတဲ့အတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ဗီယက်နမ်နိုင်ငံ Noi Bar လေဆိပ်ကနေ ဗန်ကောက်ကို လေယာဉ်နဲ့ ရောက်ရှိခဲ့ပါတယ်။ ဗန်ကောက်လေဆိပ်မှာ ထိုင်းလူမျိုးတစ်ဦးက လာကြိုပြီး မဲဆောက်ကို ပို့ပေးခဲ့ပါတယ်။ ပြီးတော့ ချောင်းတစ်ခုကို စက်လှေနဲ့ ဖြတ်ကူးခဲ့ပါတယ်။ တစ်ဖက်ကမ်းရောက်တော့ အသင့်လာကြိုနေတဲ့ကားနဲ့ မြဝတီမြို့ မေတ္တာလင်းမြိုင် ဧကေ ၁၀၀ ဆိုက်ထဲကို ရောက်ခဲ့ပါတယ်။ အဲဒီဆိုက်ထဲက တရုတ်လူမျိုးပိုင် Dang Chu ကုမ္ပဏီမှာ အွန်လိုင်းကနေတစ်ဆင့် ကွန်ပျူတာနဲ့ Marketing လုပ်ရပြီး Customer တွေ ရှာဖွေပေးရပါတယ်။ တစ်လကို ဘတ် ၂၅၅၀၀ ရရှိခဲ့ပါတယ်။

**Mr. Qiau Ke Ji တရုတ် (တိုင်ပေ)**

ကျွန်တော့် ပညာအရည်အချင်းကတော့ အထက်တန်းအောင်ဖြစ်ပါတယ်။ အရင်ကလည်း အွန်လိုင်းလိမ်လည်တဲ့ အလုပ်ကို လုပ်ခဲ့ဖူးပါတယ်။ အွန်လိုင်းကနေတစ်ဆင့် ဗန်ကောက်မြို့မှာ ရွှေမှောင်ခိုသယ်ရတဲ့ အလုပ်လုပ်ရမယ်၊ ဘတ် ၅၀၀၀၀ ရမယ်လို့ ဆက်သွယ်လာတဲ့အတွက် ၂၀၂၄ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ Tai Zhong လေဆိပ်ကနေ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ ထွက်လာခဲ့ပါတယ်။ ဗန်ကောက်မြို့က ဟိုတယ်တစ်ခုမှာ တစ်ညတည်းခိုပြီး ထိုင်းလူမျိုးတစ်ဦးရဲ့ကားနဲ့ မဲဆောက်မြို့ကို ဆက်လက်ထွက်ခွာခဲ့ပါတယ်။ မဲဆောက်ကို ရောက်တော့ မြစ်ကိုစက်လှေနဲ့ကူးပြီး မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာ ဧကေ ၁၀၀ ဆိုက်ထဲကို ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ တရုတ်လူမျိုး Zhong Guo ပိုင်တဲ့ Huan Ya ကုမ္ပဏီမှာ အလုပ်ရခဲ့ပြီး အွန်လိုင်းကတစ်ဆင့် လိမ်လည်ရတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ လစာကတော့ ဘတ် ၁၂၅၀၀ ရခဲ့ပါတယ်။

**Mrs. Shi Rong Min (တရုတ်နိုင်ငံသူ)**

ကျွန်မ ပညာအရည်အချင်းကတော့ တက္ကသိုလ်အဆင့်ပါ။ တရုတ်လူမျိုးတစ်ဦးက WeChat အကောင့်ကတစ်ဆင့် ထိုင်းနိုင်ငံမှာ ရွှေမှောင်ခိုသယ်ရမယ်၊ လစာကောင်းကောင်းရမယ်လို့ စည်းရုံးပြောဆိုခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှာ တရုတ်နိုင်ငံ Shi Bi Zian မြို့ကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ ထွက်လာခဲ့ပါတယ်။ ဗန်ကောက်မြို့ကို ရောက်တဲ့အချိန်မှာ ထိုင်းလူမျိုးတစ်ဦးက ကားနဲ့မဲဆောက်ကိုပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်ကိုရောက်တော့ မြစ်တစ်ခုကို စက်လှေနဲ့ ဖြတ်ကူးပြီး မြန်မာနိုင်ငံဘက်ခြမ်းကို ရောက်လာခဲ့ပါတယ်။ ပြီးတော့ မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာ ဧကေ ၁၀၀ ဆိုက်ထဲက တရုတ်လူမျိုး Zhong Guo ပိုင်တဲ့ Huan Ya ကုမ္ပဏီမှာ အွန်လိုင်းကနေတစ်ဆင့် လိမ်လည်ရတဲ့ အလုပ်ကို လုပ်ခဲ့ရပါတယ်။ လစာတော့ မရခဲ့ပါဘူး။

**သတင်းစဉ်**

# လမ်းများကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ မွန်းတည့် ၁၂ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စိုက်ပျိုးမွေးမြူရေး အမှတ်(၁) ရပ်ကွက်ရှိ လေးထောင့်ကန်တိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးရုံဝင်းအတွင်း လမ်းများကောင်းမွန်ရေး ဆောင်ရွက်ရန်၊ သန့်ရှင်း သာယာသပ်ရပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဘုရင့်နောင်လမ်းသို့ သွားရောက်၍ ဘုရင့်နောင်လမ်း ရေမြောင်းအတွင်း အမှိုက်နှင့် ဗေဒါများဆယ်ယူထားရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွှန့်ဖေနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၇) ရပ်ကွက်ရှိ ဘဲတန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၆)ရေတံခါး တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မောင်းမကန်ကမ်းသာလမ်းတစ်လျှောက် ဘေးဝဲ ယာ လမ်းပခုံးသား မြေညှိခြင်းနှင့် ရေနုတ်မြောင်း ဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်း တစ်လျှောက်



သန့်ရှင်းသာယာသပ်ရပ်စေရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကမ်းနားပတ်လမ်း အမျိုးသားကင်ဆာရောဂါဌာနရှေ့သို့ သွားရောက်၍ ကွန်ကရစ်လမ်းခင်းနေမှု၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် မြဝတ်ရည်လမ်း ဒဂုံတောင်-သုဝဏ္ဏတံတားအနီး အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ မိုးလုံလေလုံ ဖူဆယ်အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဉာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်

ညွန့်ဝင်း(နတ်တလင်း)

လူငယ်တို့သည် နိုင်ငံ၏ အနာဂတ်လူ့သားရင်းမြစ်များဖြစ်ပေသည်။ အနာဂတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုလူငယ်လူသားရင်းမြစ်များ၏ အစွမ်းကုန်ကြိုးစားအားထုတ်နိုင်မှုအပေါ်တွင် မူတည်သည်။ ထိုမျှအရေးပါသည့် လူငယ်တို့သည် ကျန်းမာသန်စွမ်းသော၊ ဉာဏ်ရည်ထက်မြက်သော၊ စာရိတ္တမြင့်မားသော လူငယ်များဖြစ်ရန် လိုအပ်လှပါသည်။ လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ချိုးနှိမ်ဖျက်ဆီးနေသော မိစ္ဆာရန်သူတစ်ပါးမှာ မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မျိုးဆက်သစ်လူငယ်များမှသည် လူသားအားလုံးကို အဘက်ဘက်မှ နိမ့်ကျပျက်စီးစေသဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်နေကြရပေသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှုအပေါ်တွင် မူတည်နေပါသည်။ ပညာရည်မြင့်မားသော နိုင်ငံသားများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ကလေးငယ်ဘဝမှသည် လူငယ်ဘဝတစ်လျှောက် အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးကြရပါသည်။ လူငယ်များအနေဖြင့်လည်း မိမိဘဝ၏ အရေးကြီးဆုံး၊ အလိုအပ်ဆုံးဖြစ်သော အတွေးအခေါ် ဉာဏ်ပညာများ မြင့်မားရေးကို ကြိုးပမ်းကြရပေမည်။ မှန်ကန်သော အတွေးအခေါ် ဉာဏ်ပညာ၊ ဥစ္စာများရရှိအောင် မရှာဖွေမကြိုးပမ်းဘဲ အလဟဿ အချိန်မဖြုန်းသင့်ကြောင်းကို "မပွားသုတ၊ မရကောင်းမှု၊ မစုဥစ္စာ၊ ဖြစ်ရာကိစ္စ၊ ကျိုးဟိတကို၊ စိတ်ကတရံ၊ မကြံမကူး၊ လေဘင့်မြူး၍၊ ကိုယ်ထူးမပျော်၊ ပေါင်းအဖော်နှင့်၊ မွေ့လျော်လိုသီး၊ လူချည်းနှီးလည်း၊ ရပြီးဥစ္စာ၊ ဉာဏ်ပညာလည်း၊ လျင်စွာမချွတ်၊ ကုန်ပျောက်တတ်၏"ဟူ၍ မဃဒေဝလင်္ကာတွင် ဆုံးမဖော်ပြထားပါသည်။ လူငယ်တို့သည် အပျော်အပါးကို ခုံမင်လိုက်စားကာ စီးပွားရေးလည်းမရှာဖွေ၊ အတတ်ပညာလည်း မရှာဖွေမစုဆောင်း၊ မိမိဘဝတက်လမ်းအတွက် ကောင်းကျိုးတစ်စုံတစ်ရာ ရရှိရန် လုပ်ငန်းကောင်းများလုပ်ကိုင်ရန် စိတ်မကူးပါဘဲ အပေါင်းအသင်းများနှင့် သောက်စားမူးယစ်ကာ အချိန်ဖြုန်းနေပါက တန်ဖိုးမရှိသော လူ့ဗာလ ဖြစ်ပေလိမ့်မည်။ လူ့ဗာလဟူသည် မိမိအတွက်၊ နိုင်ငံအတွက် မည်သည့်အကျိုးမျှ မရှာဖွေနိုင်ဘဲ ရပြီးသော ပစ္စည်းဥစ္စာ၊ ဉာဏ်ပညာသည်ပင် မကြာမရှည်၊ မတည်မမြဲ၊ ကင်းပျောက်မွဲတတ်သောသူ ဖြစ်ကြောင်း ညွှန်းဆိုခြင်းဖြစ်ပါသည်။

**ဘိန်းစတင်စိုက်ပျိုးမှုဖြစ်စဉ်**

မြန်မာနိုင်ငံ၌ သံလွင်မြစ် အရှေ့ခြမ်း၊ ရှမ်းတောင်တန်း၊ ကချင်တောင်တန်းများတွင် ၁၈၈၅ ခုနှစ်မှစ၍ နယ်ချဲ့တို့က ဘိန်းများ စတင်စိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်းကို နယ်ချဲ့တို့က တရားဝင်ပြုလုပ်ခဲ့ကြသည်။




အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်က မီးရှို့ဖျက်ဆီးစဉ်။

ဘိန်းစား၊ ဘိန်းရှူခြင်းများ တဖြည်းဖြည်း များပြားလာသဖြင့် ၁၉၅၅ ခုနှစ်တွင် ဘိန်းစား ဘိန်းရှူမှတ်ပုံတင်ဥပဒေပြဋ္ဌာန်းကာ ဘိန်းဖြတ်ဆေးခန်းများဖွင့်လှစ်၍ ဆေးဝါးကုသမှုခံယူရသည်အထိ ဆိုးရွားလာခဲ့သည်။ မြန်မာနိုင်ငံတော်အစိုးရသည် ၁၉၆၅ ခုနှစ်တွင် ဘိန်းခန်းများပိတ်၍ ဘိန်းရောင်းဝယ်မှုကို လုံးဝတားမြစ်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံများမှ များပြားစွာရောက်ရှိလာသော မူးယစ်ဆေးဝါးများက မြို့ကြီးပြကြီးများမှတစ်ဆင့် လူငယ်အတော်များများဆီသို့ ပျံ့နှံ့စေခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ ထိရောက်သော တားဆီးပိတ်ပင်မှုများ ပြုလုပ်ခဲ့သော်လည်း စိုက်ပျိုးမှုများကား ဆက်လက်တည်ရှိနေခဲ့သည်။

ဘိန်းစတင်ပျံ့နှံ့လာခဲ့သည့် ဇာစ်မြစ်ကိုလေ့လာကြည့်လျှင် ဘိန်းကုန်သည်များ အီတလီနိုင်ငံ ဗင်းနစ်မြို့မှ အိန္ဒိယသို့ရောက်ရှိလာပြီး အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံသို့ သယ်ဆောင်လာခဲ့ကြခြင်းဖြစ်သည်။ တစ်ဖန် ပေါ်တူဂီနိုင်ငံသားတို့သည် မြန်မာနိုင်ငံကို ဖြတ်၍ တရုတ်နိုင်ငံသို့ ဘိန်းများတင်ပို့ခဲ့ကြသည်။ မြန်မာအလုပ်သမားများကိုလည်း ဘိန်းကျွေး၍ အလုပ်စေခိုင်းခဲ့သည်။ နယ်ချဲ့တို့သည် ဘိန်းများ ရောင်းချခြင်းဖြင့် အမြတ်အစွန်းရရှိသည့်အပြင် ဘိန်းကြောင့် မြန်မာတို့ မူးယစ်ထုံထိုင်းသွားသဖြင့် တော်လှန်ရေးစိတ်ဓာတ်များလည်း ပျက်ပြားကာ မြန်မာနိုင်ငံကို ရေရှည်ကျွန်ပြုရန် စီမံခဲ့ကြခြင်းဖြစ်သည်။ ထိုနိုင်ငံရေးလှည့်ကွက်ကို ထိုစဉ်က မသိခဲ့ကြချေ။ ယခုအခါ လူငယ်များကိုဖျက်ဆီးနေသော မူးယစ်ဆေးဝါးကို အရှေ့တိုင်းနိုင်ငံများက တင်းကျပ်သောဥပဒေဖြင့် တားဆီးပိတ်ပင်နေကြလေပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အနာဂတ်မျိုးဆက်ဖြစ်သည့် လူငယ်များကို စိတ်ဓာတ်စစ်ဆင်ရေးဖြင့် စိတ်လစ်ဟာမှုမရှိစေရန် ပြုစုပျိုးထောင်ပေးနေကြလေပြီ။ မျက်စိပွင့်နားပွင့်အောင် အသိပညာဗဟုသုတများဖြန့်ဖြူးပြီး မူးယစ်ဆေးဝါးမသုံးစွဲစေရန်၊ စိုက်ပျိုးမှုမရှိစေရန် ထိန်းချုပ်လာကြသည်။

**မူးယစ်ဆေးဝါးရောင်းချသူများ၏ အဓိကပစ်မှတ်**

အချို့နိုင်ငံများတွင် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် ပြစ်မှုကျူးလွန်သူများကို သေဒဏ်ပေးခြင်းဖြင့် အမြစ်ဖြတ် ချေမှုန်းတိုက်ဖျက်နေပေပြီ။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးခြင်း၊ ဖြန့်ဖြူးခြင်းများ လုပ်ဆောင်မှုရှိနေသေးသည်။ ဝိသမစီးပွားရေးသမားများက ဘိန်းစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဘိန်းမျိုးစေ့ကုန်ကြမ်းများ ဖြန့်ဖြူးမှုကို လုပ်ဆောင်နေကြပြီး ဘိန်းသီးနှံကို ဈေးကောင်းပေးဝယ်ယူနေကြသည်။ စီးပွားရေးချို့တဲ့သော တိုင်းရင်းသားများကလည်း ငွေရလွယ်သော ဘိန်းစိုက်ပျိုးခြင်းကို မစွန့်လွှတ်နိုင်ကြချေ။ ထို့ကြောင့် ဘိန်းစိုက်တောင်သူများကို နိုင်ငံတော်က ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရန် စီမံကိန်းများချမှတ်၍ ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် အခြားသီးနှံများ စိုက်ပျိုးမှုသည် ဘိန်းစိုက်ပျိုးမှုလောက်ဝင်ငွေမရသောအခါ ဘိန်းစိုက်ပျိုးမှုကို လက်မလွှတ်နိုင်ကြပြန်ချေ။ ထို့ကြောင့် နိုင်ငံတော်က ဘိန်းကို တိုက်ဖျက်ချေမှုန်းနေပါသော်လည်း ဆက်လက်စိုက်ပျိုးဆဲ၊ ဆက်လက်ဖြန့်ဖြူးဆဲ၊ ဆက်လက်သုံးစွဲကြဆဲဖြင့် သံသရာလည်နေပါသည်။ အကယ်စင်စစ် "သံကိုသံဖျက် သံချေးတက်"ဟူသော စကားပုံအတိုင်း လူသားများကို ဖျက်ဆီးနေသော မူးယစ်ဆေးဝါးကို လူသားများကသာ ဖန်တီးထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းချသူများ၏ အဓိကပစ်မှတ်မှာ လူငယ်အများစုပင်ဖြစ်သည်။ လူငယ်များ မူးယစ်ဆေးဝါးကို စတင်အသုံးပြုတတ်မှုကို ဆန်းစစ်လေ့လာကြည့်လျှင် ဆေးလိပ်သည် အခြေခံဖြစ်သည်။ ဆေးလိပ်အတွင်း ဆေးခြောက်များ ထည့်သွင်းသောက်သုံးခြင်းမှ အစပြုပြီး တစ်ဆင့်ထက်တစ်ဆင့်တက်ကာ ဆေးပြား၊ အမှုန့်၊ နောက်ဆုံး သွေးကြောထဲသို့ မူးယစ်ဆေးဝါးတိုက်ရိုက်ထိုးသွင်းသည့်အဆင့်အထိ ရောက်သွားကြသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အွန်လိုင်းစာမျက်နှာများတွင် ဖတ်ရှုရသော မကောင်းမှုဒုစရိုက်သတင်းများသည် မူးယစ်ဆေးဝါး၏ ပယောဂများဖြစ်သည်ကို တွေ့ရသည်။ မူးယစ်ဆေးနွယ်ဝင် စိတ်ကြွဆေးအမျိုးမျိုးသည် သုံးစွဲခြင်းအားဖြင့် လူ၏အသိစိတ်ကို ပျောက်စေသည်။ ခံနိုင်ရည်ထက် ကျော်လွန်သုံးစွဲမိကြပြီး အသိစိတ်နှင့် မထိန်းကွပ်နိုင်တော့ဘဲ သာမန်လူတို့ပြုနိုင်ခဲသည့် ရာဇဝတ်မှုအမျိုးမျိုးကို အလွယ်တကူ ပြုလုပ်ကြတော့သည်။

**အဓိကရန်သူ**

မြန်မာလူမျိုးတို့သည် မူလအားဖြင့် ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်ရှိသူများဖြစ်သည်။ သို့သော် ထိုယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များသည် မူးယစ်ဆေးကြောင့်ပျက်ပြယ်ကာ ရိုင်းစိုင်းသွားကြသည်။ "ထန်းရည်အရက်၊ တစ်ချက်ကိုကင်း၊ ဘိန်းဘင်းကစော်၊ လော်စာသောက်စား၊ပြုသူများ၊ စီးပွားပျက်မည်တည့်"ဟူသည့် ရှေးစာဆိုအတိုင်း မြန်မာတို့၏ စီးပွားရေး၊ လူမှုရေး ပျက်စီးရာပျက်စီးကြောင်း၏ အဓိကရန်သူမှာ မူးယစ်ဆေးဝါးသာဖြစ်သည်။ အချို့သောမူးယစ်ဆေးများကို ကွမ်းယာထဲတွင်ထည့်သုံးပြီး လူစိတ်ပျောက်အောင် မူးယစ်စေကာ မဖွယ်မရာပြုကျင့်မှုကို ကျူးလွန်ကြသည်။ ဆေးခြောက်ပါသော ကွမ်းယာအမျိုးပေါင်းများစွာသည် လူငယ်၊ လူလတ်၊ လူကြီးအရွယ်စုံတို့ကို ဖမ်းစားညှို့ငင်နိုင်စွမ်းရှိကြသည်။ အမှန်တကယ်တွင် စိတ်ကြွဆေး (Stimulant)၊ စိတ်ကျဆေး (Depressant)နှင့် စိတ်ငြိမ်ဆေးများ (Tranquilli–zers)၊ အာရုံပြောင်းဆေးများ (Hallucinogens) နှင့် ဆေးခြောက်များ (Cannabis)ကို အနည်းငယ်အသုံးပြုရာမှ တစ်စတစ်စစွဲလမ်းလာပြီး ဘိန်းဖြူ (Heroin)ကို စွဲလာသည်အထိ အခြေအနေ တဖြည်းဖြည်းဆိုးရွားလာသည်။

မူးယစ်ဆေးကို ထုတ်လုပ်သူတို့က စွဲမက်ဖွယ်၊ တိမ်းမူးဖွယ်၊ နူးညံ့ပျောင်းညွတ်ဖွယ် ညို့ယူနိုင်စွမ်းရှိအောင် ရှူဆေး၊ ရှိုက်ဆေး၊ ငုံဆေး၊ စားဆေး၊ ထိုးဆေးများအဖြစ် ဖန်တီးပြုလုပ်ထားသဖြင့် စမ်းသပ်သုံးစွဲကြရာမှ စွဲသွားသည့်အခါ ဖြတ်ရခက်ပြီး မူးယစ်သံသရာလည်ကာ လူညွန့်တုံးကြရသည်။ တိုင်းပြည်၏ အရွယ်မျိုးစုံသော လူတို့ကို ဘဝပျက်အောင်ဖျက်ဆီးနေသည့် ဘိန်းစိမ်း၊ ဘိန်းမည်း၊ ဘိန်းဖြူတို့စိုက်ပျိုးထုတ်လုပ်ခြင်းကို အမြစ်မဖြတ်နိုင်သမျှ မူးယစ်သံသရာ၌ လည်နေကြမည်သာဖြစ်သည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို တင်းတင်းကျပ်ကျပ် ဖမ်းဆီးအရေးမယူနိုင်သမျှ ကာလပတ်လုံး လွယ်လွယ်ရလျှင် ဝယ်ယူသုံးစွဲနေကြမည်သာဖြစ်သည်။ သတင်းစာများ၊ ဂျာနယ်များတွင် မူးယစ်ဆေးဝါးအမှုများဖြစ်သည့် စိတ်ကြွဆေးပြားများ ထောင်သောင်း၊ သိန်းသန်းချီ၍ ဖမ်းဆီးရရှိမှုများနှင့် ပိုင်ရှင်မဲ့ဖြစ်နေမှုများ မကြာခဏ တွေ့မြင်နေကြရသည်။ ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးပစ္စည်းများကို ဖမ်းဆီးရမိခြင်းသည် ပိုင်ရှင်များက တရားမဝင်ပစ္စည်းများကို စွန့်ခွာထွက်ပြေးသွားကြခြင်းကြောင့်ဖြစ်သည်။ ထိုသို့ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးများကားများကို ဖမ်းဆီးရမိရုံနှင့် မူးယစ်ဆေးဝါးများ ပပျောက်သွားမည်မဟုတ်ပေ။ ယင်းပစ္စည်းများ၏ ပိုင်ရှင်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ကာ အပြစ်ပေးနိုင်မှသာ မူးယစ်အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

မူးယစ်ဆေးစွဲနေသူများသည် အမြဲတမ်းငွေလိုအပ်နေသဖြင့် ငွေရရန် ဘာမဆိုလုပ်ကိုင်လာကြသည်။ ငွေရရန် မိမိလုပ်ကိုင်သည့်အလုပ်သည် ကောင်း၊ မကောင်း မစဉ်းစားနိုင်၊ ဥပဒေနှင့်လွတ်၊ မလွတ် မတွေးနိုင်၊ ငွေရလျှင်ပြီးရောဟုသာ စဉ်းစားပြီး ခိုးဆိုးလုယက်မှုများ လုပ်ကိုင်လာကြသည်။

စာမျက်နှာ ၁၁ သို့

❝ အနာဂတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုလူငယ်လူသားရင်းမြစ်များ၏ အစွမ်းကုန်ကြိုးစားအားထုတ်နိုင်မှုအပေါ်တွင် မူတည်သည်။ ထိုမျှအရေးပါသည့် လူငယ်တို့သည် ကျန်းမာသန်စွမ်းသော၊ ဉာဏ်ရည်ထက်မြက်သော၊ စာရိတ္တမြင့်မားသော လူငယ်များဖြစ်ရန် လိုအပ်လှပါသည်။ လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ချိုးနှိမ်ဖျက်ဆီးနေသော မိစ္ဆာရန်သူတစ်ပါးမှာ မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မျိုးဆက်သစ်လူငယ်များမှသည် လူသားအားလုံးကို အဘက်ဘက်မှ နိမ့်ကျပျက်စီးစေသဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက် ❞

# ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို ပုံမှန်ဖွင့်လှစ်လျက်ရှိ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ပန္နတ်တင်ဆောက်လုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အများပြည်သူ ဝင်ရောက်လေ့လာနိုင်ရန် စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

**ခင်းကျင်းပြသထား**

ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက် အတွင်းတွင် ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ် ပြကွက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်း ပြကွက်များ၊ ဓလေ့ရိုးရာ နေအိမ်ပုံစံငယ်၊ ဗိဿနိုးမြို့ဟောင်းမြေပုံ၊ ဗိဿနိုးမြို့ဟောင်းသမိုင်းအကျဉ်း၊ ပျူတို့၏ထင်ရှားသော အမှတ်လက္ခဏာများ၊ ဗိဿနိုးမြို့ဟောင်းဝန်းကျင်ဒေသရှိ သမိုင်းမတင်မီ ခေတ် အထောက်အထားများ၊ ဗိဿနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော စာပေဆိုင်ရာအထောက်အထားများ၊ ပျူစာပေအရေးအသား၊ ပျူခေတ်အုတ်များ၊ ရေစင်တော်သွန်းအိုး၊ ကြေးဗုဒ္ဓဆင်းတု၊ ငှက်ရုပ်ပုံအရိုးအိုး၊ အရိုးအိုး မြှုပ်နှံမှုဆိုင်ရာ အဆောက်အအုံ (ပုံစံငယ်)၊ တော်ဝင်ဗိသုကာ အထောက်အထားများ၊ မြို့ရိုးနှင့် အရန်အတား(ပုံစံငယ်)၊ သပိတ်ပုံ အရိုးအိုး၊ ပျူဒင်္ဂါးများ၊ ပျူပုတီးစေ့များ စသည့် တူးဖော်တွေ့ရှိမှု သမိုင်းဆိုင်ရာ အထောက်အထားများကို စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို လေးစားချစ်ခင်မြတ်နိုးစေရန်ဆိုသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်ကို ဖွင့်လှစ်ပြသခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပြီး ပြည်တွင်း ခရီးသွားများအနေဖြင့် အခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## တီးတိန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တီးတိန် ဖေဖော်ဝါရီ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားကာ တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးမိုး**

❍ ကျောဖုံးမှ

ထို့အတူ အမှတ်(၂၈) အစုန် လေအိတ်ရထားသည် နံနက် ၆ နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ဖြစ်မည်ကာ အမှတ်(၈) အစုန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားသည် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ ညနေ ၅ နာရီခွဲတွင် ရန်ကုန်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်သည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်း၌ စတင်ပြေးဆွဲမည့် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွင် ပထမတန်း (၄)တွဲ၊ အထက်တန်း (၂)တွဲ စုစုပေါင်း တွဲဆိုင်း (၆)တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော်- မန္တလေးပြေးဆွဲမည့် လေအိတ်ရထားခရီးစဉ်အတွက် ရိုးရိုးတန်း (၄)တွဲ၊ အထက်တန်း (၂)တွဲ စုစုပေါင်း တွဲဆိုင်း (၆)တွဲဖြင့် ခရီးသည် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

လက်မှတ်ခနှုန်းထားအနေဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် အမှတ်(၇)အဆန်/ (၈)အစုန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွင် ပထမတန်းကျပ် ၁၉၀၀၀၊ အထက်တန်းကျပ် ၂၈၀၀၀ နှင့် မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် အမှတ်(၂၇)အဆန်/ (၂၈) အစုန်လေအိတ်ရထားတွင် ရိုးရိုးတန်းကျပ် ၇၀၀၀၊ အထက်တန်းကျပ် ၁၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည်များအနေဖြင့် ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း/ရိုးရိုးတန်း ကျပ် ၂၆၀၀၀၊ အထက်တန်း ကျပ် ၃၉၀၀၀ ဖြစ်ကာ လက်မှတ်များကို သုံးရက် ကြိုတင်ရောင်းချပေးမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် အဆိုပါ လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားနှင့် လေအိတ်ရထားများအား နေပြည်တော် ဘူတာတွင် ပြောင်းလဲလိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ရန်ကုန်-မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည် ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ်အစအဆုံး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ပြေးဆွဲချိန် ၁၁ နာရီသာ ကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားပြေးဆွဲချိန်သည် ၅ နာရီခွဲ ကြာမြင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

### ရန်ကုန်-နေပြည်တော်-ရန်ကုန်(လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထား)နှင့် မန္တလေး-နေပြည်တော်-မန္တလေး (လေအိတ်ရထား) ခရီးစဉ်အချိန်စာရင်း

| ရထား | ရန်ကုန် (DEMU) | ပဲခူး (DEMU) | ဖြူး (Phyu) | တောင်ငူ (DEMU) | နေပြည်တော် (DEMU/လေအိတ်) | သာစည် (လေအိတ်) | မန္တလေး (လေအိတ်) |
|---|---|---|---|---|---|---|---|
| အမှတ် (၇)အဆန် | ၀၆:၀၀ | ၀၇:၀၀<br>၀၇:၀၃ | ၀၈:၅၉<br>၀၉:၀၂ | ၀၉:၄၀<br>၀၉:၄၃ | ၁၁:၃၀ | | |
| အမှတ် (၂၇)အဆန် | | | | | ၁၂:၀၀ | ၁၄:၂၈<br>၁၄:၃၁ | ၁၇:၀၀ |

| ရထား | မန္တလေး (လေအိတ်) | သာစည် (လေအိတ်) | နေပြည်တော် (လေအိတ်/DEMU) | တောင်ငူ (DEMU) | ဖြူး (Phyu) | ပဲခူး (DEMU) | ရန်ကုန် (DEMU) |
|---|---|---|---|---|---|---|---|
| အမှတ် (၂၈)အစုန် | ၀၆:၀၀ | ၀၈:၃၁<br>၀၈:၃၄ | ၁၁:၀၀ | | | | |
| အမှတ် (၈)အစုန် | | | ၁၂:၀၀ | ၁၃:၄၅<br>၁၃:၄၈ | ၁၄:၂၆<br>၁၄:၂၉ | ၁၆:၃၀<br>၁၆:၃၃ | ၁၇:၃၀ |
| အကွာအဝေး (မိုင်) | | | | | | | |

❒ စာမျက်နှာ ၁၀ မှ

သို့ဖြစ်၍ ပြည်သူလူထုအား မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ဂဃနဏသိရှိစေရန် အသိပညာပေး ဟောပြောပွဲများ၊ ပြခန်းများ၊ လက်ကမ်းစာစောင်များဖြင့် မူးယစ်ဆိုးကျိုးများကို အသိပညာဖြန့်ဝေရန် အထူးလိုအပ်သည်။ လူအချို့၏ ငွေမျက်နှာတစ်ခုတည်းကြည့်ကာ မူးယစ်ဆေးများ ထုတ်လုပ်ရောင်းချနေမှုကြောင့် ကမ္ဘာတွင် လူပေါင်းများစွာ နေ့စဉ်အသက်ဆုံးရှုံးနေကြရသည်။ ဘိန်းဖြူကြောင့် HIV/AIDS ရောဂါများလည်း ပြန့်ပွား၍ လူညွှန့်တုံးနေကြရသည်။ မူးယစ်ဆေးဝါးအန္တရာယ်ကား ကမ္ဘာ့သမိုင်းတွင် ရုပ်ဆိုးအကျည်းတန်စွာ နေရာယူခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသည့် မူးယစ်ဆေးဝါးကို နိုင်ငံတိုင်းက အထူးအရေးယူ တိုက်ဖျက်ကြမှသာ ကမ္ဘာပေါ်မှ ကွယ်ပျောက်သွားမည်ဖြစ်သည်။ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းတိုက်ဖျက်ချေမှုန်းကြရမည့် လူမှုအန္တရာယ်ပင်ဖြစ်သည်။

မဲခေါင်ဒေသနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ဘုံရန်သူ မူးယစ်ဆေးဝါးကို ဆက်လက်ပူးပေါင်း၍ အင်တိုက်အားတိုက် တိုက်ဖျက်နှိမ်နင်းကြရပေမည်။ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရန် စီမံကိန်းအသစ်အဖြစ် ဆေးစွဲသူများကို မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခြင်းများ လုပ်ကိုင်လာပြီဖြစ်သည်။ ပရဟိတအဖွဲ့များကလည်း မိမိတို့ပတ်ဝန်းကျင်ရှိ ဆေးစွဲသူများကို ဆေးဖြတ်ချင်အောင် မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ်ဖြစ်ရပ်ဆိုးကျိုးများကို ဟောပြော၍ ဆေးဖြတ်စခန်းများနှင့် ဆေးရုံများသို့ ခေါ်ယူနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ၏လူသားရင်းမြစ်များ မူးယစ်ဘေးအန္တရာယ်ကင်းရှင်းကာ ဉာဏ်ရည်ထက်မြက်၍ ပညာများ အညွှန့်တလူလူ တက်နေကြရန် ကြိုးပမ်းကြရပါမည်။ ထို့ကြောင့် လူသားတို့၏ အဖိုးတန်ဉာဏ်ရည်ကို ဆုံးရှုံးစေပြီး တိုးတက်မည့် လူ့ဘဝအညွှန့်ကို တုံးစေသည့် မူးယစ်ဆေးကို ကမ္ဘာ့လူသားအားလုံးက ဝိုင်းဝန်း သုတ်သင်ရှင်းလင်းပစ်ကြရမည်။ ကမ္ဘာမြေမှ မူးယစ်ဆေးဝါး လုံးဝကင်းစင်သွားရန် ပထမဦးစွာ ဘိန်းစိုက်ပျိုးမှု လုံးဝမရှိအောင် တားဆီးပိတ်ပင်ရမည်။ စိုက်ပျိုးမှုမရှိလျှင် ကုန်ကြမ်းမရရှိတော့သဖြင့် ထုတ်လုပ်နိုင်တော့မည်မဟုတ်ပေ။ မထုတ်လုပ်နိုင်လျှင် ဖြန့်ဖြူးမှုရပ်ဆိုင်းသွားပြီး သုံးစွဲသူများလည်း ပျောက်ကွယ်သွားပါလိမ့်မည်။ အပြန်အလှန်အားဖြင့် သုံးစွဲသူမရှိစေရန် ပညာပေးခြင်း၊ ဖြန့်ဖြူးထုတ်လုပ်သူများကို တိကျသက်ဝင်သော ဥပဒေနှင့် ပြစ်ဒဏ်ပေး၍ ဟန့်တားခြင်းဖြင့် ဘိန်းဝယ်ယူသူမရှိအောင် ပိတ်ပင်နိုင်ပြီး စိုက်ပျိုးမှုလည်း ပျောက်ကွယ်သွားပေလိမ့်မည်။ စိုက်ပျိုးတောင်သူများကို ဘိန်းထက် စီးပွားရေးတွက်ခြေကိုက်သော သီးနှံများ၊ လုပ်ငန်းများ တစိုက်မတ်မတ် ဖြည့်ဆည်းပေးခြင်းဖြင့် ကမ္ဘာ့လူသားတို့၏အန္တရာယ် မူးယစ်ဆေးဝါးကို အမြစ်ပြတ်တိုက်ဖျက်ပစ်ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။ ။

# ကန့်ဘလူမြို့နယ်၌ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစု (ဓာတ်မြေဩဇာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ)များ ပေးအပ်



မုံရွာ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ဒေသခံတောင်သူများ နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး သွင်းအားစု(ဓာတ်မြေဩဇာနှင့်လက်ဆွဲ မျိုးစေ့ချကိရိယာ)များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ နှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေး၊ လယ်ယာကဏ္ဍကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးနှင့် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စားရေရိက္ခာများ ထုတ်လုပ်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူကြီးများအနေဖြင့်လည်း မိမိတို့လုပ်ငန်းများ အောင်မြင်ရေးအတွက် ရာသီအခါမီ အားသွန်ခွန်စိုက်ကြိုးစား လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တောင်သူကြီးများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းကာ တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ကန့်ဘလူမြို့နယ်နှင့်ကျွန်းလှမြို့နယ်တို့ရှိ ဒေသခံတောင်သူများအား ဓာတ်မြေဩဇာအိတ် ၃၀၀နှင့် လက်ဆွဲမျိုးစေ့ချကိရိယာ ၁၅၀ တို့ကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် MSMEs လုပ်ငန်းများဆောင်ရွက်နေသည့် ကန့်ဘလူမြို့ ရပ်ကွက် (၅) ရှိ ဦးတေဇာမျိုး၏ စက်ရက်ကန်း၊ လက်ရက်ကန်းလုပ်ငန်းနှင့် ရပ်ကွက် (၃)ရှိ ကမ္ဘာကျော်ဆန်စက်နှင့် ကျွန်းတော မိသားစုဆီစက်များသို့ ရောက်ရှိရာ သက်ဆိုင်ရာလုပ်ငန်းရှင်များက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်များအတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ထားဝယ်မြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဖွင့်လှစ်

ထားဝယ် ဖေဖော်ဝါရီ ၂၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်နည်းပညာနှင့် အွန်လိုင်း အသုံးပြု၍ ဈေးကွက်ဝင်ရောက်ရောင်းချခြင်း ဗဟုသုတရရှိစေရန်အတွက် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Digital Economy ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် ဌာနမှ ဆောင်ရွက်လျက်ရှိသော E-commerence Website နှင့် ချိတ်ဆက်၍ ဈေးကွက်နည်းပညာရှာဖွေဆောင်ရွက်နိုင်ကြောင်းနှင့် သင်တန်းတွင် ယင်းနည်းပညာဗဟုသုတများ ပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်အင်ဂျင်နီယာ ဦးစိုးမိုးဝင်းက ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုခြင်းဆိုင်ရာ အသိပညာဗဟုသုတများ၊ အွန်လိုင်း အသုံးပြုမှတ်ပုံတင်ခြင်း၊ လုပ်ငန်းရှင်များ အွန်လိုင်းဈေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲထားသည့် E-commerence Website ဝင်ရောက်နည်းနှင့် အသုံးပြုနည်းများနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးလွင်က အွန်လိုင်း အသုံးပြုခြင်းဆိုင်ရာ သိမှတ်စရာများ အကြောင်း၊ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လုံခြုံရေးဆိုင်ရာ ဗဟုသုတများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

သင်တန်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ကျောက်ဆည်မြို့နယ်၌ ရေကြီးနစ်မြုပ်ခြင်းအကာအကွယ်အတွက် စပါးစိုက်တောင်သူများအား လျော်ကြေးငွေများပေးအပ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

မြန်မာ့အာမခံလုပ်ငန်း ကျောက်ဆည်ခရိုင်ရုံးတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံ ရေကြီးနစ်မြုပ်ခြင်းအကာအကွယ်အတွက် စပါးစိုက်တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက မိုးစပါးစိုက်တောင်သူ ၈၀ ၏ အာမခံထားရှိသော ဧက ၂၃၀ အတွက် လျော်ကြေးငွေကျပ် ၁၀ ဒသမ ၃၅၀ သန်းအား တောင်သူတစ်ဦးချင်း ပေးချေနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများကိုယ်စား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ကျောက်ဆည်ခရိုင်ဘဏ်ခွဲ) မန်နေဂျာ ဦးကျော်ကျော်အား လျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့အာမခံလုပ်ငန်း ကျောက်ဆည်ခရိုင်ရုံးအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်၊ အကျိုးစီးပွားများကို အာမခံစနစ်ဖြင့် စောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် အသက်အာမခံပေးခြင်း၊ မီးအာမခံပေးခြင်း၊ မော်တော်ယာဉ်များအတွက် အလုံးစုံထိခိုက်မှုအာမခံပေးခြင်း၊ ခရီးသွားအာမခံပေးခြင်းစသည့် အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငွေကြယ်

# ပျဉ်းမနားမြို့၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

ပျဉ်းမနား ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)တွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းလွင်က သင်တန်းစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စာကြည့်တိုက်တာဝန် ထမ်းဆောင်နေကြသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက အခမ်းအနားမှူးတစ်ဦးတွင်ရှိရမည့် အဓိကအရည်အချင်းများ၊ ရုပ်ပိုင်းဆိုင်ရာများ၊ အသံပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှုနှင့် ဆောင်ရန်/ရှောင်ရန်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



# ကျွန်းစုမြို့၌ ရုံးအဆောက်အအုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကျွန်းစု ဖေဖော်ဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်ဌာနဆိုင်ရာအဆောက်အအုံများ၏ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကာ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းနိုင်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဌာနဆိုင်ရာများ၏ ရုံးအဆောက်အအုံအတွင်း လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းထားရှိမှုနှင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုမှု၊ ရေအိုး/ရေစည်/ရေကန်များ စစ်ဆေးခြင်း၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ ထားရှိမှု အခြေအနေများကို စစ်ဆေးခဲ့သည်။

ထို့နောက် မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို အသိပညာပေးပြောကြားခဲ့ကာ လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးကိုတည်ဆောက်ရန် အရေးတကြီးလိုအပ်နေဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၅**

ကမ္ဘာကြီး၏ငြိမ်းချမ်းရေးကို တည်ဆောက်ရန် လက်ရှိအချိန်တွင် အရေးတကြီးလိုအပ်နေကြောင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပရတ်ဆိုခွန်းက ယမန်နေ့တွင်ပြောကြားခဲ့သည်။

ကမ္ဘာကြီးတွင်လက်ရှိဖြစ်ပွားနေသည့် ပထဝီနိုင်ငံရေးအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်မှုများမြင့်တက်လာခြင်းက ငြိမ်းချမ်းရေးကို တည်ဆောက်ရန် လိုအပ်ကြောင်း ပြသနေသည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မိန့်ခွန်း ပြောကြားရာတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးကာကွယ်ရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်၏ အမြော်အမြင်ကြီးမားသည့် ဦးဆောင်မှုအောက်တွင် ဆယ်စုနှစ်သုံးခုကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများမှ လွတ်မြောက်ပြီး ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနှင့် သာယာဝပြောခြင်းတို့ကို ပိုင်ဆိုင်ရရှိခဲ့ကြောင်း သမိုင်းက သက်သေခံခဲ့သည်ဟု ၎င်းကပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ပံ့ပိုးသည့်အနေဖြင့် ကုလ သမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ကမ္ဘောဒီးယားတပ်မတော်သားတစ်သောင်းကို တာဝန်ထမ်းဆောင်ရန်စေလွှတ်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**






# မလေးရှားလေကြောင်းလိုင်းမှ ပျောက်ဆုံးလေယာဉ် အမ်အိတ်ချ် ၃၇၀ ကို ပြန်လည်ရှာဖွေမည်

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

မလေးရှားလေကြောင်းလိုင်းမှ ပျောက်ဆုံးလေယာဉ် အမ်အိတ်ချ် ၃၇၀ ကို ပြန်လည်ရှာဖွေရန် ဗြိတိန်နှင့် အမေရိကန်အခြေစိုက် နည်းပညာလုပ်ငန်း အိုးရှင်းအင်ဖန်နတီက ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းလေယာဉ်သည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် ကွာလာလမ်ပူမှ ပေကျင်းသို့ ထွက်ခွာလာစဉ် လမ်းခရီးတွင်ပျောက်ဆုံးခြင်းဖြစ်သည်။ အဆိုပါ လေယာဉ်ပျောက်ဆုံးမှုကြောင့် လေကြောင်းပျံသန်းရေးသမိုင်းတွင် ပဟေဠိများဖြစ်ပွားခဲ့သည်။

လေယာဉ်ရှာဖွေရေးဆောင်ရွက်မည့်လုပ်ငန်းထံမှ အဆိုပြုချက်ကို လက်ခံခဲ့ကြောင်း မလေးရှားအစိုးရက ယမန်နှစ်ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ယင်းလုပ်ငန်းမှ ရေနက်ရှာဖွေရေးသင်္ဘောသည် ဩစတြေးလျအနောက်ပိုင်း ပတ်မြို့ ကမ်းလွန်ပင်လယ်ပြင်ရှိ စတုရန်းကီလိုမီတာ ၁၅၀၀၀ ကျယ်ဝန်းသည့် ရေပြင်သို့ရောက်ရှိ နေကာ ကျွမ်းကျင်သူများက လေယာဉ်အပိုင်းအစများရှိနေသည်ဟု ခန့်မှန်းထားသည့် ရေပြင်ရှိနေရာလေးခုတွင် ရှာဖွေမှုများ စတင်ဆောင်ရွက်နေသည်။

လေယာဉ်သည် ဂြိုဟ်တုမှခန့်မှန်းချက်အရ ရေဒါမှ ပျောက်ကွယ်ပြီးနောက် ပေကျင်းသို့သွားသည့် လမ်းကြောင်းမှပြောင်းလဲကာ ခြောက်နာရီခန့်ပျံသန်းခဲ့ကြောင်း သိရသည်။

**ကိုးကား - ဒီဒဗလျူ**
**ဘာသာပြန် - စိုးသူရ**

# တောင်ကိုရီးယား၌ တည်ဆောက်ဆဲ အဝေးပြေးတံတားပြိုကျမှုကြောင့် လုပ်သားလေးဦးသေဆုံး

**ဆိုးလ် ဖေဖော်ဝါရီ ၂၅**

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသတွင် တည်ဆောက်ဆဲ အဝေးပြေးတံတား ပြိုကျမှုကြောင့် လုပ်သားလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အပျက်အစီးများကြားတွင် ပိတ်မိနေသည့် လုပ်သားများကို ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်နေသည်။

ယခုမတော်တဆမှုသည် ဂေယောင်ဂီပြည်နယ် အန်ဆောင်မြို့တွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီ ၄၉ မိနစ်က ဖြစ်ပွားခြင်းဖြစ်ကြောင်း အမျိုးသားမီးသတ်အေဂျင်စီက ပြောကြားသည်။ တံတားအစိတ်အပိုင်းများ ပြိုကျမှုကို တောင်ကိုရီးယားမီဒီယာများက ရုပ်သံဖိုင်များဖြင့် ထုတ်လွှင့်ခဲ့သည်။ ပျက်စီးမှုပမာဏနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းခံကို မီးသတ်တပ်ဖွဲ့ကစစ်ဆေးနေကြောင်း သိရသည်။

မတော်တဆမှုဖြစ်ပွားချိန်တွင် ပတ်ဝန်းကျင်၌ လမ်းသွားလမ်းလာများကို မတွေ့ရှိရကြောင်း၊ အဆိုပါ မတော်တဆမှုတွင် မြေပြင်သို့ ပြုတ်ကျခဲ့သည့် လုပ်သား ၁၀ ဦးအနက် လေးဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် ဝန်ထမ်း ၁၇၀ ကို တာဝန်ချထားသည်ဟု သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

■



# အင်ဒိုနီးရှားနိုင်ငံ၏ အခမဲ့အာဟာရကျွေးမွေးသည့် အစီအစဉ် ပြည်နယ် ၃၈ ခုတွင် ဆောင်ရွက်

**ဂျကာတာ ဖေဖော်ဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၏ အခမဲ့ အာဟာရကျွေးမွေးသည့် အစီအစဉ်သည် လက်ရှိအချိန်တွင် ပြည်နယ် ၃၈ ခုတွင် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း အမျိုးသားအာဟာရအေဂျင်စီ တာဝန်ရှိသူ ဒေဒန်ဟင်ဒါယာနာက ပြောကြားသည်။




နိုင်ငံသားနှစ်သန်းကျော်အား ယခုသီတင်းပတ်အတွင်း အခမဲ့အာဟာရကျွေးမွေးမည်ဟု သိရသည်။

**ကျွေးမွေး**

အခမဲ့အာဟာရကျွေးမွေးသည့် အစီအစဉ်တွင် ဥနှင့် အသားအပါအဝင် အာဟာရဖြစ်မည့် အစားအစာများကို ကျွေးမွေးကြောင်း သိရသည်။

ယင်းအစီအစဉ်အား အာဟာရဆိုင်ရာ ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း အခမဲ့အာဟာရကျွေးမွေးရေး အစီအစဉ်အရ နို့ထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများကို ပံ့ပိုးရေးအတွက် ကျွဲနွား အကောင်ရေနှစ်သန်းကို ပြည်ပမှ တင်သွင်းခဲ့ရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ထပ်မံကျင်းပရေးအတွက် အကျဉ်းသားများလွှတ်ပေးရမည်ဟု ဟားမတ်စ်ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၅**

ဂါဇာဒေသ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ထပ်မံကျင်းပနိုင်ရန်အတွက် အစ္စရေးအနေဖြင့် မူလသဘောတူညီချက်အရ ပါလက်စတိုင်း အကျဉ်းသား ၆၀၀ ကျော်ကို လွှတ်ပေးရမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင်ပြောကြားသည်။

ယင်းသဘောတူညီချက်ကို အစ္စရေးက လိုက်နာဆောင်ရွက်မှသာ ထပ်မံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့တာဝန်ရှိသူ ဗေဆန်နာအိန်းက ပြောကြားသည်။ အဆိုပါ သဘောတူညီချက်ကို အစ္စရေးက လိုက်နာ ဆောင်ရွက်ရေးအတွက် ကြားဝင်ညှိနှိုင်းသည့် နိုင်ငံများဖြစ်သည့် အီဂျစ်၊ ကာတာနှင့် အမေရိကန်နိုင်ငံတို့တွင် တာဝန်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ပါလက်စတိုင်း အကျဉ်းသားများ လွှတ်ပေးရေးကိစ္စကို ရွှေ့ဆိုင်းကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့ပြီးနောက် ဟားမတ်စ်တာဝန်ရှိသူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားများ လွှတ်ပေးရေးကိစ္စ ရွှေ့ဆိုင်းခြင်းသည် ဟားမတ်စ်၏ ဓားစာခံများအား သိက္ခာကျစေသည့် အခမ်းအနားများဆောင်ရွက်ကာ လွှတ်ပေးခဲ့ခြင်းကို တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်ဟု အစ္စရေးက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၁ မျိုး၊ လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၂၈၄၂၂၀) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၆၈၁၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Pyi Phyo ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၅၉၆၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး၌ မိုးကောင်းမြို့မှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော ယာဉ်လေးစီးနှင့် ဆိုင်ကယ်သုံးစီးတို့ဖြင့် သယ်ဆောင်လာသည့် တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၇၂၈ ဂါလန်၊ ဓာတ်ဆီ ၇၃၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်လေးစီးနှင့် ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ခြောက်တခင်းရွာ ဘုရင့်နောင်လမ်းမကြီး Ready Home Co.,Ltd.၏ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်းရှိ ကမ်းနားဆိပ်၌စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၃)လမ်း အမှတ်(၁၅၉၆)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၈၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၈၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ရွှေမဲဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၈၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၀၉၇၀)၊ ချမ်းမြသာစည်မြို့နယ်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၁၀ (ခန့်မှန်းတန်ဖိုးငွေ ၂၇၀၀၉၄၅ ကျပ်)၊ အောင်မြေသာစံမြို့နယ်အတွင်း၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၇၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေ ၂၅၂၃၃၄၈ကျပ်)နှင့် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၂၅၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေ ၃၉၈၁၆၁၁ ကျပ်) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် တောင်ပြုံကျေးရွာ၌ တရားမဝင် အခြားသစ် ၂ ဒသမ ၁၀၀ တန်နှင့် ဆက်စပ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀)နှင့် ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်မီးသွေး ၉ ဒသမ ၄၄၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၈၈၈၈၈ ကျပ်)၊ အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) တို့ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၉၃၃၅၇၆၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေ ၃၁၄၀၆၃၁၇၆၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကျောက်ပန်းတောင်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကားဂိတ်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မျိုးမင်းဦးအား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၉၄ သိန်း) ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အေးလွင်အား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။



အေးလွင်နှင့် မျိုးမင်းဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အနောက်မြို့ပတ်လမ်းတွင် မုန်းမုန်း(ခ)ဇော်ဦး မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄ ကီလို (တစ်ကီလိုလျှင် ၁၁၀၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၆၄၀) ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၂-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဇျဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'လိင်ဖျော်ရောင်စိုက်ကွင်းကြီးဆီ'
- ၀၉:၁၀ နဝဂ်ဥပေါသထသီလပေးတရားတော်
- ၀၉:၄၀ စိုက်ပျိုးရေးရာအဖြာဖြာ
- ၁၀:၅၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၁၅ ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ 'ရဟန်းတစ်ပါးကြွလာသည်' တရားတော်
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၆)
- ၁၅:၀၀ Weekly Soccer Preview
- ၁၅:၂၀ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ သီကောင်းစရာများ (သချာင်္ဘာသာရပ်)
- ၁၆:၄၀ မျိုးဗုဂ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ ပွဲညရဲ့ဇာတ်ခုံ 'ဂန္ဓဝင်ညရဲ့ဖျော်ဝင်အလှ' (ပထမပိုင်း)

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay
- 07:07 Union Day Exhibition & Traditional Dance Competition
- 07:16 The National Traditional Rowing Team
- 07:28 Mt. Taung Pu La
- 08:26 Asia Updates; Mount Fuji Truth
- 08:51 Palm Resort
- 09:01 Let's Explore Organic Farming
- 09:47 Life of Sea Urchin Diver
- 10:26 Kayah Nationals' Marlarfu Salad
- 10:34 Bravocado Benefits

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၁၅ တိုင်းရင်းသားသီချင်း၊ အက (ချင်း)
- ၀၆:၃၅ ဇာတ်လမ်းတို 'မှန်မှန်နဲ့ဖြန်ဖြန်'
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၇)
- ၀၇:၅၅ စတီရီယိုတေးများ
- ၀၈:၂၅ ဇာတ်တော်ကြီး 'မဟော်သဓာဇာတ်တော်ကြီး' (ပထမပိုင်း)
- ၀၉:၅၅ နိုင်ငံခြားသံစဉ်တေးများ
- ၁၀:၀၅ ကာတွန်း 'ဖြူဝင်စိတ်လှ' (အပိုင်း-၁၂)
- ၁၀:၄၀ ဇာတ်တော်ကြီး 'မဟော်သဓာဇာတ်တော်ကြီး' (ဒုတိယပိုင်း)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဝေါင်လန်ပူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့ (အပိုင်း-၂)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
စံကားမြို့ဟောင်းနှင့် ဖယ်ခုံအင်းအလှ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မာလကာသီးမှပေးသော သင်ခန်းစာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကောင်းမှုကောင်း ဟာကဖောင်း

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
မှိုင်ပေါ်လ်ဝက်သားမီးဖုတ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ပျားမွေးမြူခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရာမညမြေမှ အမွေအနှစ်များ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ကောန့်ဖျိုင်နှင့် ရွှေဖရုံသီးချက်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းအစဉ်အလာ တို့ဓလေ့ရိုးရာ (တိုင်းဆာ၊တိုင်းလီ၊တိုင်းခမ်းတီး၊တိုင်းနေ)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝရိုးရာ ဝက်သားဆန်ပြုတ်ချက်နည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၀)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ တောင်သူ့တစ်နေ့တာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၉:၂၀ Day in the Life of a Small Farm
- ၂၀:၀၀ ငှါရင်ထဲကလိပ်ပြာ (ဇာတ်လမ်း)
- ၂၂:၀၀ Jingle Jangle A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းမှ သင်ခန်းစာအားလုံးကို လေ့လာထားရပါမည်။ သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲတွင် Non–programmable Calculator ကို အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A၊ Section B၊ Section C** နှင့် **Section D** အပိုင်း ၄ ပိုင်း ပါရှိပါသည်။

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန်ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့်ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ)နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ)တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည့် Answer ALL Questions ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများ ဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | - | - | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | - | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | - | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | - | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ဆက်လက်၍ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit *i* ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် *x* အတွက် *x* သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုညမဟုတ်လျှင် $x^2$ သည် သုညထက်ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ် အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစားတစ်ခုခု ($i$ ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာ လုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2 = 4(-1) = -4$ နှင့် $(-2i)^2 = 4i^2 = 4(-1) = -4$ ဖြစ်သည့်အတွက် $x^2 = -4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် *i* နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန်အတွက် Complex number x + yi ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y)တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate၊ Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာပါပေးထားချက်မှ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။ သတိပြုရမည်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း n သည် ဖော်ပြထားချက် Statement ကို မည်သည့် သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ဟုပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက် ကြီးသောကိန်းများအတွက်သာ မှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်ကို သတိပြုရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့်ပြိုင်နေသော ပြင်ညီများ၊ ထောင့်မှတ်ကျနေသော မျဉ်းများ၏ Equations နှင့် Directed Values၊ Parallel Lines၊ Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကိုအသုံးပြု၍ Coordinates form of the Line Equation $(x, y, z) = (x_1 + kl, y_1 + km, z_1 + kn)$ရေးသည်။ Directed Values များ သုညနှင့်မတူပါက $\frac{x - x_1}{l} = \frac{y - y_1}{m} = \frac{z - z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ် သုံးမှတ်ကိုသိလျှင် Plane Equation ကို ရှာနိုင်ပြီး Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကို ရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three–dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two–dimensional နှင့် Three–dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three–dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်။ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကိုအသုံးပြု၍ plane ညီမျှခြင်း ရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာတွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ An Ordered Arrangement တစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး Combination ဆိုသည်မှာ An Unordered Collection တစ်နည်းအားဖြင့် Choice တစ်ခုပင်ဖြစ်သည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$, ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့်ရှာနိုင်ပုံ၊ ယင်းတို့ကိုအခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန် လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်)များဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည်ဖြစ်ပါသည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန်စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x - h)^2 + (y - k)^2 = r^2$ကိုဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2 + y^2 + 2gx + 2fy + c = 0$ ကို စက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2 + y^2 + 2gx + 2fy + c = 0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x + g)^2 + (y + f)^2 = g^2 + f^2 - c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို (−g, −f) နှင့် အချင်းဝက် $\sqrt{g^2 + f^2 - c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2 = 4px$ ၌ axis of symmetry သည် x– axis (horizontal axis, y = 0) ဖြစ်မည်။ Focus သည် (p,0) အမှတ်ဖြစ်ပြီး directrix သည် x = −p မျဉ်း ဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။ ထိုနည်းတူစွာ $y^2 = -4px$, $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y - k)^2 = 4p(x - h)$, $(y - k)^2 = 4p(x - h)$, $(x - h)^2 = 4p(y - k)$ နှင့် $(x - h)^2 = -4p(y - k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုး၏ Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ (၂) မျိုးဖြင့်မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y = \sin x$, draw step–by–step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကို ဆွဲသားပေးရမည်ဖြစ်သဖြင့် Graph တစ်ခုထဲတွင် curve သုံးကြောင်း ဆွဲသားရမည်။ နောက်ဆုံးအဖြေဖြစ်သော $y = 2\sin\frac{\pi}{2}x$ တွင် Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ဒုတိယပုံစံမှာ "Draw the graph of $y = 2\sin\frac{\pi}{2}x$." ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် Graph ထဲတွင် $y = 2\sin\frac{\pi}{2}x$ ၏ curve တစ်ကြောင်းသာ ဆွဲသားရန်လိုအပ်ပြီး Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် Graph စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန်လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်စေလိုပါသည်။

စာမျက်နှာ ၁၇ သို့ »»

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၂၅

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရှိပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်အောင် အကြံဉာဏ်များရယူနိုင်ရေး အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုက အသိအမှတ်ပြုထားသောကြောင့် ပို၍စည်ကားမည့် သင်္ကြန်ပွဲတော်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်သင်္ကြန်ပွဲတော်တွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဖျော်ဖြေရေးနှင့် သင်္ကြန်မဏ္ဍပ်များတွင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် ကော်မတီဝင်များက မဏ္ဍပ်ဆောက်လုပ်ရေးနှင့် အခမ်းအနားပြင်ဆင်ရေး၊ ဗဟိုသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ/ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရေး၊ ဖျော်ဖြေရေး၊ ဧည့်ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ရေကစားရေး၊ သင်္ကြန်ယိမ်းအက စိစစ်အကဲဖြတ်ရေးနှင့် ဆုချီးမြှင့်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရေး၊ သက်ကြီးပူဇော်ပွဲကျင်းပရေး၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပွဲကျင်းပရေး စသည့်လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

»»» စာမျက်နှာ ၁၆ မှ

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင်ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင် ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range နှင့် Asymptote Line များကိုလည်း သိထားရမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန်လိုအပ်သည်ကိုထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင်Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသော အချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Parts Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန် တွက်တတ်ရပါမည်။ အခန်း (၁၀) တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များအစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x–axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်းသိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကို သတိပြုပါ။

- ဖြေဆိုထားသောအဖြေများကို ပြန်လည်စစ်ဆေးပါ။
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသောတွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့်မေးခွန်းကို မေးခွန်းနံပါတ်တပ်၍ဖြေဆိုပါ။ (မေးခွန်းအစဉ်အတိုင်းဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

Answer **ALL** Questions. Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3, Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

Write only the solution of each question. (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Chapter 5
26. Chapter 6
27. Chapter 8 Section 8.1, Section 8.3
28. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Chapter 10
30. Chapter 11

**Section D (Each question carries 5 marks.)**

31. Chapter 1
32. Chapter 2
33. Chapter 3, Chapter 4
34. Chapter 5
35. Chapter 6
36. Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Chapter 11

သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်စဉ်းစားတွက်ချက်ဖြေဆိုနိုင်၍ အလွတ်ကျက်မှတ် ရေးသားဖြေဆိုနေရခြင်းမျိုး ကင်းရှင်းကြပါစေ။

ကျောင်းသား ကျောင်းသူများ မိမိကိုယ်စီကိုယ်စီ ရည်ရွယ်ရာ အောင်မြင်မှုအသီးသီး ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၈-၁-၂၀၂၅ ရက်နေ့မှအဆက်)

ဘုရားရှင်က ဆက်၍ ဟိမဝန္တာတောင်သည် အဝေး၌ တည်ရှိသော်လည်း ထင်ရှားနေဘိကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌နေသော်လည်း ထင်ရှားကုန်၏။ ညအမှောင်ထုတွင် ပစ်လွှတ်လိုက်သောမြားတို့သည် မထင်မရှားရှိသကဲ့သို့ သူယုတ်မာတို့သည် အနီး၌ရှိနေသော်လည်း (ဘုရားရှင်တို့၏ ဉာဏ်၌) စိုးစဉ်းမျှ မထင်ကုန်ဟူ၍ ဟောကြားတော်မူသည်။

စူဠသုဘဒ္ဒါ၏ အလှူကို ဘုရားရှင်လက်ခံတော်မူသည်ကို သိကြားမင်းသိလေသော် သူ၏ ဝိသကြုံနတ်သားအား မနက်ဖြန် ပြာသာဒ်ငါးရာကိုဖန်ဆင်း၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဥဂ္ဂမြို့သို့ ပင့်ဆောင်လောဟူ၍ စေခိုင်းထားလေသည်။ နောက်တစ်နေ့နံနက်တွင် ဝိသကြုံနတ်သားသည် သိကြားမင်း အမိန့်ပေးသည့်အတိုင်း ပြာသာဒ်ငါးရာကို ဇေတဝန်ကျောင်းတံခါးဝ၌ ရပ်လေသည်။ ဘုရားရှင်သည် ရဟန္တာငါးရာအားခေါ်၍ ဤရပ်ထားသော ပြာသာဒ်တို့တွင် အသီးသီးထိုင်တော်မူကာ ဥဂ္ဂမြို့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။

ဥဂ္ဂသူဌေးကြီးသည် စူဠသုဘဒ္ဒါပြောသည့်အတိုင်း အခြံအရံတို့ဖြင့် ဘုရားရှင်ကြွလာမည့်လမ်းကို မှန်းမျှော်ကြည့်ရှုတော်မူ၍ စောင့်နေလေသည်။ ကြီးစွာသော အသရေတင့်တယ်ခြင်းဖြင့် ကြွတော်မူလာသောဘုရားရှင်ကို ဥဂ္ဂသူဌေးကြီးမြင်လေသော် အလွန်ကြည်ညိုသောစိတ်ရှိရကား ဘုရားရှင်အမှူးရှိသော ရဟန်း သံဃာများအား ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် အခြွေအရံနှင့်တကွ အိမ်တော်သို့ ပင့်ဆောင်လေသည်။ သူဌေးကြီးသည် ဘုရားရှင်နှင့် ရဟန်းအပေါင်းတို့အား ခုနစ်ရက်တိုင်တိုင် အလှူကြီးကို ပေးတော်မူလေသည်။

ဘုရားရှင်သည် အလှူ၏အဆုံးတွင် ဥဂ္ဂသူဌေးနှင့် မိသားစုတို့အား သင့်တော်လျောက်ပတ်သော တရားကို ဟောကြားလေသည်။ ပြီးနောက် အရှင်အနုရုဒ္ဓါအား ဥဂ္ဂမြို့၌နေစေ၍ သာဝတ္ထိပြည်သို့ ဘုရားရှင် ပြန်ကြွတော်မူလေသည်။ ထိုနေ့မှစ၍ ဥဂ္ဂသူဌေးကြီး၏ မိသားစုနှင့်တကွ မြို့သူမြို့သားအပေါင်းတို့သည် ဘုရားရှင်၏ သာသနာတော်၌ ယုံကြည်ကိုးကွယ်သူများ ဖြစ်ကုန်ကြလေသည်။

### ပဋာစာရီထေရီမအကြောင်း

သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးတစ်ဦးရှိသည်။ ၎င်း၌ အလွန်လှပတင့်တယ်ချောမောသော သမီးတစ်ယောက်ရှိသည်။ ၎င်းအမည်မှာ "ပဋာစာရီ" ဖြစ်ပါသည်။ ပဋာစာရီသည် အသက် (၁၆) နှစ်အရွယ်ရောက်သောအခါ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်၌ အစောင့်အရှောက်ဖြင့်နေရလေသည်။

၎င်းသည် တစ်နေ့သောအခါ မိမိအိမ်၌ အလုပ်အကျွေးပြုနေသော ကျွန်တစ်ဦးနှင့် မှားယွင်းမိသဖြင့် မိဘတို့မသိအောင် ပြာသာဒ်တော်မှဆင်း၍ ထိုကျွန်နှင့် လိုက်ပြေးလေသည်။ ၎င်းတို့သည် ယင်းသို့အား



ဖြင့် ရွာတစ်ရွာ၌ ဆင်းရဲစွာ လုပ်ကိုင်စားသောက်နေကြသည်။

ယင်းသို့နေစဉ်မှာပင် ကိုယ်ဝန်ကရင့်မာ၍ လစေ့သောအခါ ပဋာစာရီသည် မိဘများထံသို့ပြန်၍ သားဖွားခွင့်ကို ခင်ပွန်းအား ခွင့်ပန်သည်။ ခင်ပွန်းသည်က ခွင့်မပြုသောကြောင့် ပဋာစာရီသည် ခင်ပွန်းတောသို့ ထင်းခုတ်သွားနေစဉ် အိမ်နီးနားချင်းကိုပြော၍ ထွက်သွားသည်။ ခင်ပွန်းပြန်လာသည့်အခါ ၎င်းကိုမတွေ့၍ နောက်မှလိုက်လေသည်။ ခင်ပွန်းဖြစ်သူက မသွားဖို့ အတန်တန်တောင်းပန်သော်လည်းမရ။ ဤသို့သွားခြင်းကြောင့် မကြာမီ ကမ္မဇလေက လှုပ်ရှား၍ ချုံထဲဝင်ကာ သားဖွားခြင်းကိစ္စပြီးနောက် ခင်ပွန်းနှင့်အတူ အိမ်သို့ပြန်လိုက်လာသည်။

နောက်တစ်ဖန် ပဋာစာရီသည် ကိုယ်ဝန်ရပြန်သည်။ လစေ့သောအခါ ယခင်အတိုင်း မိဘအိမ်သို့ သွားမည်ဆို၍ ထွက်သွားလေသည်။ ခင်ပွန်းကလည်း ပြောမရ၍ နောက်မှ လိုက်သွားလေသည်။ ၎င်းသွား နေစဉ်မှာပင် လေပြင်းမုန်တိုင်းကျ၍ မိုးက သည်းထန်စွာ ရွာနေလေသည်။ ထိုအခါပင် ကမ္မဇ လေသည် လှုပ်ရှား၍ ဒုတိယသားငယ်ကို မွေးဖွားရန် ဖြစ်လာလေသည်။ ခင်ပွန်းဖြစ်သူကို "မိုးမစိုရာ အရပ်သို့ ပြုစမ်းပါလော့"ဆိုလေသည်။ ပဋာစာရီ၏ခင်ပွန်းသည် ထိုနေရာကြည့်သော် အပေါ်၌ ချုံကိုမြင်၍ ပါလာသောပဲခွပ်ဖြင့် ယင်းတောင်ပေါ်တက်ကာ သွားခုတ်လေသည်။ ထိုအခါ တောင်ပေါ်မှ အဆိပ်ပြင်းသောမြွေပေါက်၍ နေရာ၌ပင် သေဆုံးလေသည်။ ကြီးစွာဒုက္ခရောက်နေသော ပဋာစာရီသည် ခင်ပွန်းသည်လင်ကို မျှော်နေစဉ်ပင် ဒုတိယသားငယ်ကို ဖွားမြင်လေသည်။ သားနှစ်ဦးစလုံးကို မိုးမစိုရန်အတွက် ရင်ခွင်ကြား၌ တစ်ညလုံးထား၍နေရရှာပါသည်။ တစ်ကိုယ်လုံး၌ မိုးဒဏ်ခံရ၍ ဖြူဖပ်ဖြူရော်ဖြင့် သွားနေရလေသည်။ မိုးများစဲသော် ပဋာစာရီသည် သားကြီးကို လက်တွင်ဆွဲ၍ သားငယ်ကိုရင်တွင်းပိုက်ကာ ခင်ပွန်းသည် သွားသည့်နေရာကို သွားလေသည်။ ထိုသို့သွားရာ ခင်ပွန်းသည်ရှိသည့်နေရာသို့ ရောက်သော် ခင်ပွန်းသည် သေနေသည်ကို တွေ့ရလေသည်။ သူ့ခင်ပွန်းသေသည်မှာ သူ့ကြောင့် သေရသည်ဟု အကြိမ်ကြိမ်ငိုကြွေးမြည်တမ်း အော်ဟစ်၍ ခရီးဆက်သွားလေသည်။

ပဋာစာရီသည် သားငယ်ကိုရင်တွင်ချီ၍ သားကြီးကို လက်ဆွဲပြီး ခရီးဆက်သောအခါ မိုးတစ်ညလုံးရွာသောကြောင့် ရေပြည့်နေသည့် အစိရဝတီမြစ်ကို မြင်လေသည်။ အသိဉာဏ်နည်းပါးသူဖြစ်သဖြင့် သားကြီးကို တစ်ဖက်ကမ်းတွင်ထား၍ သားငယ်ကို ချီပြီး တစ်ဖက်ကမ်းသို့ ကူးသွားလေသည်။ ထို့နောက် တစ်ဖက်ကမ်းရောက်သောအခါ သစ်ခက်တို့ဖြင့် သားငယ်ကိုအုပ်ထားလျက် သားကြီးကိုခေါ်ရန် တစ်ဖက်ကမ်းသို့အလာတွင် စွန်တစ်ကောင်သည် သားငယ်ကိုအုပ်ထားသော သစ်ရွက်ကို သားတစ်ထင်၍ချီလေသည်။ ထိုအခါ ပဋာစာရီသည် ရေလယ်ရောက်နေ၍ ဟစ်အော်ခြောက်လေသည်။ ဤသို့ခြောက်သည်တွင် သားကြီးက သူ့အမေခေါ်သည်ထင်၍ အလျင်အမြန်ဆင်းလာလေရာ ရေစီးထဲပါသွားလေသည်။ ဤသို့ဖြင့် သားငယ်ကို စွန်ချီ၊ သားကြီးသည် ရေထဲမျောပါ၍သေဆုံးကြလေသည်။ ခင်ပွန်းသည်က ပိုးထိ (မြွေကိုက်) သေလေသည်။ ဤသို့ တစ်ယောက်တည်း ပဋာစာရီသည် ငိုကြွေးနေစဉ် ၎င်းသည် သာဝတ္ထိမှလာသော လူတစ်ဦးကို တွေ့၍ သူ့မိဘအကြောင်းကို မေးလေရာ ထိုယောကျ်ားက ညကရွာသည့် မိုးသက်လေပြင်းကြောင့် အိမ်ပြိုပိပြီး အိမ်ရှိ သူဌေးလင်မယားနှင့် သားတို့ သေလေပြီဟုပြောသည်။ ထိုသူသုံးဦးအလောင်းကို ထင်းပုံမီးရှို့၍ သင်္ဂြိုဟ်ပြီးကြောင်း ဆိုလေသည်။ ဤသို့သတင်းကို ကြားရသော ပဋာစာရီသည် ချက်ချင်းပင် ရူးသွပ်သွားလေသည်။ ဤသို့ဖြင့် ပဋာစာရီသည် သားနှစ်ဦး၊ ခင်ပွန်းသေသည့်အပြင် သူ့မိဘ၊ မောင်တို့ သေဆုံးကြောင်း နှုတ်မှမြည်တမ်းလျက် သွက်သွက်ခါအောင်ရူးပြီး လှည့်လည်သွားလေသည်။

လူတို့ကလည်း ပဋာစာရီကိုမြင်လျှင် "အရူးမကြီး အရူးမကြီး" ဟူ၍ ခေါ်ပြီး အမှိုက်သရိုက်၊ မြေမှုန်တို့ကို သူ့ခေါင်းပေါ် ဖြန့်ကြဲလျက် ခဲများဖြင့် ပစ်ပေါက်ကြလေသည်။ ဤသို့ အဖြစ်ဆိုးသည့်ဘဝတွင် မိမိထဘီကျွတ်သည်ကိုပင် ဂရုမစိုက် ကိုယ်လုံးတီးဖြင့် သွားလာနေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်တွင် ပရိသတ်အလယ်၌ တရားဟောနေသောအချိန်ဖြစ်သည်။ ပဋာစာရီသည် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ခဲ့သော ပဒုမုတ္တရာဘုရားလက်ထက်၌ ဧတဒဂ်ဆုတောင်းခြင်းနှင့် လည်းပြည့်စုံသော သူဌေးသမီးဟု ဘုရားရှင်သိတော်မူသည်။ ၎င်းသည် အဝေးမှလာသည်ကို ဘုရားရှင်မြင်လေသည်။ ထိုသို့မြင်သောအခါ ပြုံးတော်မူသည်။ ပရိသတ်တို့သည် မြင်သော် "ဤအရူးမကြီး မလာစေနှင့်"ဟု ဆိုကုန်သည်။

ဘုရားရှင်က တရားဟောသည့်နေရာသို့ ပဋာစာရီ ဝင်လာသောအခါ "ဤအရူးမကို မတားကြနှင့်" ဟု မိန့်တော်မူသည်။ ၎င်းသည် အနီးအနားသို့ ရောက်လာသောအခါ ဘုရားရှင်က "နှမ သတိရစေလော"ဟု မိန့်တော်မူသည်။ ပဋာစာရီသည် ဘုရား၏ တန်ခိုးကြောင့် ချက်ချင်းသတိရလေသည်။ ထဘီမပါ ကိုယ်လုံးတီးကိုသိ၍ ရှက်ကြောက်စိတ်ဝင်လျက် ကျုံ့ကျုံ့ထိုင်လေသော် ယောကျ်ားတစ်ဦးက အပေါ်ရုံပုဆိုးကို ပစ်ပေးလေသည်။

ပဋာစာရီသည် ယင်းယောကျ်ားပေးသော ပုဆိုးကိုဝတ်လျက် ဘုရားရှင်နားသို့ ချဉ်းကပ်ပြီး "မြတ်စွာဘုရား တပည့်တော်မ၏ မှီခိုအားထားရာ တည်ဆောက်ရာကို ပြတော်မူပါဘုရား တပည့်တော်မ၏ သားတစ်ဦးသည် စွန်ချီသွားသည်။ သားတစ်ဦးက ရေထဲမျောပါသွားပြီး ခင်ပွန်းသည်ကလည်း သေဆုံးသွားသည်။ မိဘနှင့်မောင် သုံးဦးကိုလည်း ထင်းပုံတစ်ခုတည်း၌ မီးသင်္ဂြိုဟ်ကြပြီးပါပြီ"ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က **"ချစ်သမီး ပဋာစာရီ မစိုးရိမ်လင့်။ စောင့်ရှောက်မှီခိုအားထားနိုင်သောသူထံသို့ သင်ရောက်နေပေပြီ။ သင့်သား၊ လင်၊ မိဘ၊ မောင်ကဲ့သို့ ဤသံသရာ၌ သား စသည် သေသောအခါ ငိုကြွေးသော သင်၏မျက်ရည်တို့သည် သမုဒ္ဒရာလေးစင်းရေထက်ပင် များသေး၏"ဟု အနမတဂ္ဂသုတ္တန် (အစမထင်သော သံသရာအကြောင်း) ကို ဟောတော်မူလေသည်။** ဤသို့ဘုရားရှင် ဟောကြားလိုက်သောအခါ ပဋာစာရီသည် စိုးရိမ်ခြင်း လျော့နည်းသွားလေသည်။

တစ်ဖန် ဘုရားရှင်က **"တမလွန်ဘဝသို့ သွားရသောသူတို့ကို စောင့်ရှောက်ရန်မတတ်ကောင်း။ ပညာရှိသောသူတို့သည် သီလကိုဆောက်တည်၍ မိမိနိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကိုသာ လျှောက်လှမ်းကြပေ၏"** ဟု ဟောတော်မူလေသည်။ ပဋာစာရီသည် ဘုရားရှင်ဟောကြားသည့် တရားကိုနာပြီးသော် သောတာပန်အဖြစ်သို့ ရောက်သွားလေသည်။ ထိုအခါ ဘုရားထံမှ ရဟန်းပြုခွင့်တောင်းခံပြီး ရဟန်းမများထံတွင် သွားရောက်၍ ရဟန်းပြုလေသည်။

ပဋာစာရီသည် ရေအိုးဖြင့် ရေယူ၍ ခြေတို့ကို ဆေးသောအခါ ပထမလောင်းသောရေသည် အနည်းငယ်သို့ သွား၍ ပြတ်သည်လည်းကောင်း၊ ဒုတိယလောင်းသောရေသည် ထိုထက်ဝေးသော အရပ်သို့ သွားသည်ကိုလည်းကောင်း၊ တတိယအကြိမ်၌ ထိုထက်ဝေးသောအရပ်သို့ ရောက်သွားသည်လည်းကောင်း ထိုရေတို့ကို အာရုံပြု၍ အရွယ်သုံးပါးကို ပိုင်းခြားထင်ထင် ဆင်ခြင်၍နေသည်။

ဘုရားရှင်က ဂန္ဓကုဋိတိုက်၌နေလျက် ပဋာစာရီထံသို့ ရောင်ခြည်တော်လွှတ်၍ ပျံ့နှံ့စေပြီး ရှေ့၌ ထင်ရှားတည်ရှိပြီး တရားဟောသကဲ့သို့ "ချစ်သမီး ပဋာစာရီ ထိုကြံစည်ဆင်ခြင်သည့်အတိုင်း မှန်ပေသည်။ ခန္ဓာငါးပါး၏ အဖြစ်အပျက် လှုပ်ရှားမှုကိုသိ၍ တစ်ရက်နေရခြင်းက မြတ်သည်"ဟု မိန့်တော်မူသည်။ ထို့နောက် ဤသို့ဂါထာဖြင့် ဟောကြားရာ ပဋာစာရီသည် ရဟန္တာ ဖြစ်သွားလေသည်။ ပဋာစာရီသည် ရဟန္တာဖြစ်ပြီးနောက် ဘုရားရှင်ထံမှ ဝိနည်းပိဋကတို့ကို သင်ကြားတတ်မြောက်၍ အာဂုံဆောင်နိုင်လေသည်။ ထို့ကြောင့် ၎င်းအား ဝိနည်းတော်ကိုဆောင်သော ရဟန်းမတို့တွင် အမြတ်ဆုံးဟူ၍ ဝိနယဓရ ဧတဒဂ်အရာ၌ ထားတော်မူလေသည်။

**"ဘုရားရှင်က ဂန္ဓကုဋိတိုက်၌နေလျက် ပဋာစာရီထံသို့ ရောင်ခြည်တော်လွှတ်၍ ပျံ့နှံ့စေပြီး ရှေ့၌ ထင်ရှားတည်ရှိပြီး တရားဟောသကဲ့သို့ "ချစ်သမီး ပဋာစာရီ ထိုကြံစည်ဆင်ခြင်သည့်အတိုင်း မှန်ပေသည်။ ခန္ဓာငါးပါး၏ အဖြစ်အပျက် လှုပ်ရှားမှုကိုသိ၍ တစ်ရက်နေရခြင်းက မြတ်သည်"ဟု မိန့်တော်မူသည်။ ထို့နောက် ဤသို့ဂါထာဖြင့် ဟောကြားရာ ပဋာစာရီသည် ရဟန္တာဖြစ်သွားလေသည်"**

(ဆက်လက်ဖော်ပြပါမည်)



# ကျေးလက်နေပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန် အရန်သားဖွားသင်တန်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကျေးလက်နေပြည်သူများ ရောဂါဘယကင်းရှင်းရေး၊ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၆)ရပ်ကွက် ဒေသန္တရကျန်းမာရေးဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အရန်သားဖွားဆရာမများအနေဖြင့် ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မီးဖွားပြီး ပြုစုစောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးတို့၏ အန္တရာယ်လက္ခဏာများကို အဓိကထားသင်ကြားရမည်ဖြစ်ပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လူနာလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းများစသည့် ကျန်းမာရေးလုပ်ငန်းများကို တတ်မြောက်သည်အထိ သေချာစွာ လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ သင်ကြားခွင့်ရရှိသည့်အချိန်တွင် သေချာစွာလုံ့လစိုက်ထုတ်၍ သင်ခန်းစာများကို ကြေညက်စွာ လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများမှ အရန်သားဖွားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ စာတွေ့လေးလနှင့် လက်တွေ့နှစ်လ စုစုပေါင်း ခြောက်လကြာ သင်ကြားသွားမည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ငွေကျပ် ၄၃၈၀၀၀၀၀ ကို ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် သင်တန်းသူများအား တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကွန်ဟိန်းမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ ကျောင်းသားကျောင်းသူများ အတန်းတင်စာမေးပွဲဖြေဆိုမည့် ကာလအတွင်း မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် အမှတ်(၃) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးဝေလင်းသန့်တို့က ကျောင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျှပ်စစ်သွယ်တန်းမှု စနစ်တကျရှိစေရေးကို လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဝေါမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဝေါ ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက အေးချမ်းသာယာရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းထွန်းဦးဆောင်သော ပူးပေါင်းအဖွဲ့များက လျှပ်စစ်မီးများ အသုံးပြုရာ၌ မီးဘေးလုံခြုံရေး အလေးထားရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရန်၊ ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ရာတွင် ထမင်းဟင်းများ ချက်ပြုတ်ပြီးပါက စနစ်တကျငြိမ်းသတ်ထားရှိရန် စသည်တို့ကို ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြား၍ နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/ မရှိတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)
## လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၁/၂၀၂၅)အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) EVမော်တော်ယာဉ် နည်းပညာများဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်းအတွက် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

(၂) လျှောက်ထားသူသည်–

(က) နည်းပညာနှင့်သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းများအား အမှန်တကယ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနမှ G.T.H.S (AT,ET,EC), I.T.C (AT), A.G.T.I, B.Tech, B.E, M.E, Ph.D (Mech, EP, EC, MC) ဘွဲ့ရဝန်ထမ်းများ၊ လျှပ်စစ်သုံး မော်တော်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းများမှ ဝန်ထမ်းများ၊ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် တက်ရောက်ဖူးသူများ လျှောက်ထားနိုင်သည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးပါမည်။

(၄) သင်တန်းကာလ (၃)ပတ်ကို ပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်ပြီး၊ သင်တန်းပြီးဆုံးပါက သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်(Certificate) ရရှိပါမည်။

(၅) လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်–

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ(မူရင်း)။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော ပညာအရည်အချင်း အထောက်အထား (မိတ္တူ)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။

(င) သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ(မူရင်း)။

(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃) ပုံ။

| | | |
|---|---|---|
| ဖွင့်လှစ်မည့်သင်တန်း | – | လျှပ်စစ်သုံးယာဉ်ဆိုင်ရာပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (Electric Vehicles Maintenance and Troubleshooting Training) (၁/၂၀၂၅) |
| ဖွင့်လှစ်မည့်နေ့ရက် | – | (၁၀–၃–၂၀၂၅)ရက်နေ့မှ (၂၈–၃–၂၀၂၅) ရက်နေ့အထိ (၃)ပတ်၊ (၉၀)နာရီ |
| ဖွင့်လှစ်မည့်အချိန် | – | နံနက် (၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ (တနင်္လာ မှ သောကြာ) |
| ဖွင့်လှစ်မည့်နေရာ | – | အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ မင်းကြီးလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းထောင့်၊ ပြည်တော်သာမှတ်တိုင်ရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လက်ခံနိုင်မည့် သင်တန်းသားဦးရေ | – | (၂၅) ဦး |
| ဆက်သွယ်စုံစမ်းရန်ဖုန်း | – | ၀၉–၄၄၃၉၇၃၆၀၆ |

[လျှောက်ထားခြင်းကို (၂၅–၂–၂၀၂၅) ရက်နေ့မှ (၄–၃–၂၀၂၅) ရက်နေ့အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

**မှတ်ချက်။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။**

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀

ဒေါ်ခင်ခင်ပြုံး နှင့် ဦးညာဏ်သင်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ နေမျိုးကျော်ခေါင်လမ်းသွယ်၊ အမှတ် (၁၅၅)နေ **ဦးညာဏ်သင်း** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို **ဒေါ်ခင်ခင်ပြုံးက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ– ၆၆)
## အလုံခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄ နှင့် ဆက်နွယ်သည့်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၆၀

ဦးအေးဝင်း နှင့် ဒေါ်စုစုလွင်

**(တရားနိုင်)** **(တရားရှုံး)**

အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၆၄/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ နံနက် (၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### ပစ္စည်းစာရင်း

**ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက်အမှတ်(A–1) အခန်းအမှတ်(၁၁၀၉) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လေလံကြမ်းခင်းဈေး ကျပ်သိန်း–(၅၀၀၀)**

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ၁၀၀ ကျပ်လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရရှိရမည်။

၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်ရက် ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါ နေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၈။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၇၈)နေ (ဘ) ဦးဟန်ကြည်၏သမီး ဒေါ်အေးသီတာမိုး[၁၂/ကမန(နိုင်)၀၈၉၈၃၆]နှင့် (ဘ) ဦးလှမြင့်၏သား ဦးအောင်ပြည့်ဖြိုး[၁၂/လသယ(နိုင်)၀၇၂၂၉၉]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်–ပုသိမ် အဝေးပြေးလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ အမှတ်(၁၉၄၇/ခ)ရှိ ကျွန်ုပ်မိတ်ဆွေ People Origin Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးသီတာမိုးနှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ပြည့်ဖြိုးတို့နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဒေါ်အေးသီတာမိုးနှင့် ဦးအောင်ပြည့်ဖြိုးတို့သည် အတူတကွ ပေါင်းသင်းနေထိုင်ကြသော တရားဝင်အကြင်လင်မယားများဖြစ်ကြပြီး ဒေါ်အေးသီတာမိုးသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ Logistics ဌာနတွင် Section Head ရာထူးနှင့် ကုမ္ပဏီဝန်ထမ်းအဖြစ် (၁၁)နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ကုမ္ပဏီမှ တာဝန်ရှိဝန်ထမ်းများ၏လက်မှတ်များကို မမှန်မကန် တုပရေးထိုး၍လည်းကောင်း၊ Telegram Account အတုများ ပြုလုပ်၍လည်းကောင်း သယ်ယူပို့ဆောင်သည့်စရိတ်နှင့် ဝန်ဆောင်မှုစရိတ်များဟု ဖော်ပြ၍ ကုမ္ပဏီမှ ငွေများအား အကြိမ်ကြိမ်ခွဲထုတ်ယူကာ မရိုးမဖြောင့်သောသဘောဖြင့် ကုမ္ပဏီပိုင်ငွေကြေးများအား အလွဲသုံးစားပြုလုပ်ခဲ့ပါသည်။

အဆိုပါ ငွေကြေးများနှင့်ပတ်သက်၍ ရှင်းလင်းရန်အတွက် ဒေါ်အေးသီတာမိုးအား ကုမ္ပဏီသို့ လာရောက်ရန်ခေါ်ယူရာတွင် ဒေါ်အေးသီတာမိုးနှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ပြည့်ဖြိုးတို့သည် နေအိမ်ကိုစွန့်ခွာ၍ ကုမ္ပဏီပိုင်ငွေကြေးများအား မရိုးမဖြောင့်သောသဘောဖြင့်ရယူပြီး နှစ်ဦးအတူတကွ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဤကြေညာချက်ဖော်ပြပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ရုံးချိန်၌ လာရောက်တွေ့ဆုံဖြေရှင်းရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးသီတာမိုးနှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ပြည့်ဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ People Origin Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်အေး (ရေတာရှည်)၊ (HGP, LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၅၇၈၈/၉၁)**
**ရုံး – အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၀၈၇၃၄၀၊ ၀၉–၄၅၁၂၄၃၇၃၃**
**အိမ် – အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၈၇၃၄၀၊ ၀၁–၉၆၉၂၀၄၃၊ ၀၉–၄၅၁၂၄၃၇၃၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၃)၊ မြေကွက်အမှတ်(၁)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးစိုးမြင့်သိန်း [၁၁/မအန(နိုင်)၀၂၂၆၁၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၂၄)၊ မြေကွက်အမှတ်– (၆၃၂)၊ မြခွာညိုလမ်း၊ ဧရိယာ–(၂၀'x၆၀') အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှကေသီ [၈/ပခက(နိုင်)၂၁၀၄၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ပိတောက်လမ်း၊ အမှတ်– ၅၃၉၊ အကျယ် ၄၀ပေx ၆၀ပေရှိ ဦးမင်းအောင် [၁၀/သထန(နိုင်)၀၈၉၇၅၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ သွပ်မိုး ထရံကာအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်**ကို အဆင့်ဆင့်သောစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်ဆိုသူ **ဒေါ်လှသီတာထွေး (ဘ) ဦးမြင့်လှိုင် [၇/ကဝန(နိုင်)၁၁၂၄၄၅]**က မိမိသာလျှင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်မြွက်ဆိုလျက် ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟန်နီငိုင်ဆာန့်** | **ဦးငိုင်ဆာန့်** |
| **အထက်တန်းရှေ့နေ(စဉ်–၅၁၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၂၂)** |

**အမှတ်– ၁၀/၁၂၊ အခန်း ၁၀၄(စီ)( ပထမထပ်)၊ ၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်။ ဖုန်း– 09–5160784**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံရပ်ကွက်၊ ထန်းတပင် (၁)လမ်း၊ အိမ်အမှတ် (၃၄၃)နေ (ဘ) ဦးလှမောင်၏သမီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/လသယ(နိုင်)၀၁၄၉၄၉] ကိုင်ဆောင်သူ ဒေါ်မှတ်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် ကွင်းအမှတ်(၁၅၃)၊ ဦးပိုင်အမှတ်(DN–5) (၁၉.၄၅)ကေနှင့် မြစ်တိုးမြေ စုစုပေါင်း (၅၂)ကေအား ပိုင်ဆိုင်မှုပုံစံ(၁၀၅)ကို တွံတေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ လျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ သက်ဆိုင်ရာတွံတေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း၊ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်ကိုကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၉၈၅)**
**အမှတ်–၄၄၂/ခ၊ ပြည်လမ်း၊ (၁၀)ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၄၄၇၀၃၅၅၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်- ရန်ကုန် ခရီးစဉ်နှင့် မန္တလေး-နေပြည်တော်-မန္တလေး ခရီးစဉ် ချိတ်ဆက်ပြေးဆွဲမည်




နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထုရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-နေပြည်တော်ခရီးစဉ် အမှတ် (၇) အဆန်ရထားနှင့် နေပြည်တော်-ရန်ကုန်ခရီးစဉ် အမှတ်(၈)အစုန် လူစီးရထားများအား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ မန္တလေး-နေပြည်တော်ခရီးစဉ် အမှတ်(၂၈)အစုန်နှင့် နေပြည်တော်-မန္တလေးခရီးစဉ် အမှတ် (၂၇) အဆန် လူစီးရထားများအား လေအိတ်ရထားတွဲဆိုင်းဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ကာ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အမှတ် (၇) အဆန် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားသည် နံနက် ၆ နာရီတွင် ရန်ကုန်ဘူတာမှ စတင်ထွက်ခွာရာ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ် (၂၇) အဆန် လေအိတ်ရထားသည် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့ စာမျက်နှာ » ၉

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်ယာဉ်များ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

ပေါင်းတည်မြို့နယ်၌ နှမ်းစပါးကေ ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး စာမျက်နှာ » ၂၀


# နီပေါနိုင်ငံတွင် ကျင်းပသည့် လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲ မြန်မာနှင့် အိမ်ရှင်နီပေါတို့ ယနေ့ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နီပေါနိုင်ငံတွင် ကျင်းပသည့် လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိမ်ရှင် နီပေါလက်ရွေးစင် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✤



နီပေါ လေးနိုင်ငံ ဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင် နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ကစားသမားများကိုတွေ့ရစဉ်။